


# ပုညခင်

## မှော်ဆရာဖန်ဆင်းတဲ့ ချစ်ခြင်းဖွဲ့ကဗျာ

## အပိုင်း(၁)

"မပြင်ဘူး ..."

"ပြင်ရမယ် ..."

"မပြင်ဘူး ..."

"ပြင်ရမယ် ..."

"မပြင်ချင်ပါဘူး ... ဆို ..."

"အို ... ပြင်ကိုပြင်ရမယ်အေ ..."

တာတာတို့အိမ်၌ ထိုသို့ငြင်းခုန်ရသည်မှာ တစ်ရာ့ တစ်ကြိမ်မကရှိလေပြီ ...။

တာတာ့မှာလည်း စိတ်နဲ့ ငါနဲ့ ညစ်လှပါသည်။

ဘွားဘွားက တာတာ့ တောင်းဆိုချက်ကို ခွင့်မပြု၊ သူ့ဆန္ဒကိုသာ ပြင်းပြင်းရှရှ ကြွေးကြော်နေသည်မှာ သူမို့ မခေါနိုင် မပန်းနိုင် ...။

"ဘယ့်နှယ်တော် ... တစ်သက်မှာ တစ်ခါ မင်္ဂလာဆောင်ရတဲ့ သတို့သမီးက ဆွဲကြိုးလေး တစ်ကုံးတောင် မဝတ်ဘဲ လည်ပင်းဗလာနဲ့ မင်္ဂလာဆောင် မယ်ဆိုတာ လူကြားလို့တောင် မကောင်းပါဘူးအေ ...၊ သတို့သမီးဆိုတာ စိတ်ရွှေ ရတနာ ပြိုးပြိုးပြက်ပြက်ကလေးနဲ့ ကျက်သရေရှိရှိလေး ဝတ်စားဆင်ယင်ပြီး ပွဲထွက်ရတာ ထုံးစံပဲအေ့ ... "

တာတာ့မှာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ရှင်းပြရပြန်သည်။

“ဘွားဘွားပြောသလို လည်ပင်းနဲ့ ရင်ဘတ်အပြည့် ပွတ်ခဲနေအောင် လက်ဝတ်ရတနာတွေ ဝတ်ထားမှ လှတာ ကျက်သရေရှိတာ မဟုတ်ပါဘူး ဘွားရယ်၊ တာတာတို့ ဆီမှာဆို မင်္ဂလာဆောင်ရင် ဘယ်တော့မှ ရွှတ်ပွ ပျစ်ခဲနေအောင် မဝတ်ကြပါဘူး ... ”

“အို ... ညည်းတို့ နိုင်ငံခြားက ထုံးစံတွေ၊ စတိုင်လ်တွေ လာမပြောနဲ့၊ တို့ဆီမှာတော့ ဒါမျိုးမရှိဘူး၊ ညည်းဘာသာ နိုင်ငံခြားမှာ ကျောင်းသွားတတ်နေပေမယ့် ညည်းက ဗမာပဲလေ၊ ကိုယ့်နိုင်ငံမှာ ဗမာမလေးလို ဝတ်ပြီး မင်္ဂလာဆောင်ရမှာပဲလေ ...”

“ထိုင်မသိမ်းကြီး ဝတ်ရမှာ တာတာ စိတ်ကျဉ်းကြပ်လို့ပါ ဘွားဘွားရယ်၊ ပြီးတော့ တာတာက ပိန်တော့ ထိုင်မသိမ်းနဲ့ မလိုက်ပါဘူး၊ ဟိုမှာ မင်္ဂလာဆောင်ကြတဲ့ ဓါတ်ပုံတွေ ဘွား မမြင်ဖူးဘူးလားဟင်၊ ဒီလိုပဲ ရိုးရိုးရှင်းရှင်း ဂါဝန် ရှည်ရှည်လေးဘဲ ဝတ်ကြတာ၊ ဂါဝန်အရောင်ကလည်း ဆင်စွယ်၊ အဖြူ ... အဲ့လို ယဉ်ယဉ်ဖျော့ဖျော့ အရောင်လေးတွေ ဂါဝန်အင်္ကျီရဲ့ လည်ပင်းပေါက်ကလည်း ကျယ်ကျယ်ရှင်းရှင်း ကပ်ကပ်လေးဆိုတော့ လည်တိုင်နဲ့ ရင်ညွှန့် အလှလေးက သဘာဝအတိုင်း ပေါ်လွင်နေတာလေ၊ ဘာမှ မဝတ်တာကိုက ကိုယ့်မူရင်းအလှကို ပိုပြီး ပေါ်စေတာ ဘွားရဲ့ ...။”

“မျက်နှာဆိုလည်း မိတ်ကပ် ထူလပျစ်ကြီး မလိမ်းဘူး၊ ဖျော့ဖျော့ ပြေပြေပါးပါးလေး၊ သဘာဝကျကျ လေးပဲလိမ်းတော့ ကိုယ့်မူရင်းအလှလည်း မပျက်ဘူး၊ ဆံပင်ကိုလည်း ဆံညှပ်တွေ သေအောင်ထိုးပြီး တင်းရင်းနေအောင် မထုံးဘူး၊ ကိုယ့်မူရင်း ဆံပင်လေးကိုပဲ နည်းနည်းပါးပါး မွှမ်းမံပြီး ဒီအတိုင်းလေး ချထား တာ ဘယ်လောက်ပေ့ါပါး သလဲ ...၊”

“ဒီမှာကတော့ မိတ်ကပ်တွေများ လိမ်းထားလိုက်တာ မူရင်းရုပ်တောင် ပျောက်တယ်၊ အဲ့ဒီလောက် ထူပျစ်နေတဲ့ မိတ်ကပ်တွေကို ဇွန်းနဲ့ ခြစ်ချလို့တောင် ရတယ် ...။”

"ဘွား ဂျာနယ်တွေ မဂ္ဂဇင်းတွေထဲမှာ မတွေ့ဖူးဘူးလား၊ အင်္ဂလန်ဘုရင်မကြီးရဲ့ မြေး ဝီလျံ မင်္ဂလာဆောင်တုန်းကဆို မြေး ချွေးမလေးက ဘာများဝတ်ထားလို့တုန်း ဘွားရဲ့၊ ထီး ရိပ် နန်းရိပ် က တော်ဝင်မျိုးနွယ်တွေ၊ သူဌေးသူကြွယ်တွေ ပွဲတက်လာတာရော ဒီမှာလို ရှိသမျှ စိန်တွေ ထုတ်ဝတ် လာတာ တွေ့လို့လား ...။ "

"အမေရိကန် သမ္မတဟောင်း ဘီလ်ကလင်တန်ရဲ့သမီး မင်္ဂလာဆောင်တုန်းကလည်း ရိုးရိုး ရှင်းရှင်း ပေါ့ပေါ့ပါးပါးလေးပဲ ဝတ်ပြီး ဆောင်သွားတာ ...၊"

"တာတာလည်း မင်္ဂလာဆောင်ရင် အဲ့ဒီလို ပေါ့ပေါ့ပါးပါးလေးပဲ ဆောင်မယ်လို့ စိတ်ကူး ယဉ်ထားခဲ့တာ ..."

"မိတာတာ ... ညည်း ဒီအဘွားကို ဘာမှ ရှည်ရှည်ဝေးဝေး လာရှင်းပြမနေနဲ့၊ ညည်းတို့ ဟိုက ဓလေ့ ထုံးစံတွေကို ဘွား စိတ်မဝင်စားဘူး၊ လက်လည်း မခံဘူး၊ ဒေါ်အိမ်မိစိုးတို့ ကလည်း ကိုယ့်မြေးမလေး မင်္ဂလာဆောင်ရင် ရှိသမျှ စိန်အကုန်ထုတ်ဆင်ပြီး ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်ဆောင်ဖို့ စိတ်ကူးယဉ်ထားခဲ့တာ ပဲအေ့ ..."

တာတာ့မှာ ဘာဆက်ပြောလို့ ပြောရမှန်းတောင် မသိတော့ပါ။ မင်္ဂလာဆောင်ရမှာက ဒီက မြေးမ တာတာ ...၊ မင်္ဂလာဆောင်ချင်တာက ဘွားဘွား ဒေါ်အိမ်မိစိုးဟု ဆိုရမလိုပင် ...။ ဘွားဘွားက သူဖြစ်ချင်တာကိုပဲ ဇွတ်ကျကျကြီး ပြောနေတော့တာမို့ တာတာ့မှာ စိတ်ကြီးကြီး ညစ်နေရတော့တာပါ။

တာတာ့သတို့သားက မင်္ဂလာပွဲကို တာတာ့အလိုကျ လုပ်ဟု ခွင့်ပြုထားပေမယ့် တာတာ့မှာတော့ ဘွားဘွား အလိုကျ လုပ်ရတော့ မလိုပါ။

လောလောဆယ်မှာ တာတာ့ သတိုးသားက အင်္ဂလန်မှာ ကျန်ရစ်ခဲ့သည်။ တာတာကတော့ စီစဉ်စရာ ရှိတာ ကြိုစီစဉ်ဖို့ စောပြီး

ပြန်လာခဲ့တာပင် …။

တာတာ ငယ်ငယ်ကတည်းက ဖေဖေက အင်္ဂလန်ကို ထွက်သွားခဲ့သည်။ တာတာက မေမေနဲ့ ဘွားဘွားဆီမှာ ကျန်ရစ်ခဲ့ပြီး ဆယ်တန်းအောင်တော့ ဖေဖေရှိရာ အင်္ဂလန်သို့ လိုက်သွား ပြီး ကျောင်းဆက်တက်ခဲ့သည်။ မေမေကတော့ နိုင်ငံခြားမှာ မနေချင်တဲ့ ဘွားဘွားနားမှာ နေပေးရင်းနဲ့ပဲ ဟိုမှာ အခြေချချင်တဲ့ ဖေဖေ့နောက်ကို မလိုက်နိုင်ဘဲ ဟိုဘက် ဒီဘက် နေရေးကိစ္စ သဘောထား မတိုက်ဆိုင်လို့ ကွဲကြရတာ ဖြစ်ပါသည်။ ဖေဖေရော မေမေပါ နောက်အိမ်ထောင် မထူခဲ့ကြပါ။

တာတာ့ သတို့သား ဟန်မင်းညို နှင့် ကတော့ ကျောင်းတက်ရင်း တွေ့ခဲ့ကြတာပင်။ ဟန်မင်းညိုဟာ ဖေဖေနှင့် ဆေးရုံတစ်ခုတည်းမှာ အလုပ်လုပ်သည့် ဆရာဝန်ကြီး၏ သား၊ အလွန် ဘိုဆန်သော မြန်မာတစ်ယောက် ဖြစ်ပါသည်။

တာတာတို့ကျောင်းပြီးတော့ ဖေဖေက …

“ ဒီက ဓလေ့ထုံးစံတွေထဲမှာ ဖေဖေတို့ ဘယ်လောက် အသားကျကျ မြန်မာဟာ မြန်မာပဲ ဆိုတာ မမေ့နဲ့ သမီး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မင်းညိုက သိပ်ဘိုဆန်လွန်းတော့ ဖေဖေ သိပ် စိတ်မချဘူး၊ လက်မထပ်ဘဲ အတူနေတဲ့ ဒီက ဓလေ့ကို ဖေဖေကတော့ လက်မခံနိုင်ဘူး၊ အဲဒီ တော့ ဖေဖေ သမီးအမေနဲ့ ဘွားဘွားကို အကျိုးအကြောင်း လှမ်းပြောပြီး သေချာညှိနှိုင်းပေးမယ်၊ သူတို့ သဘောတူရင် သမီးတို့ ဟိုကို ပြန်ပြီး မင်္ဂလာဆောင်ကြ၊ ပြီးရင်တော့ ဒီကိုပြန်လာပြီး အလုပ်လုပ်ကြပေါ့ …”

ဟု ပြောလာခဲ့တာမို့ မင်းညိုရော တာတန်ခူးကပါ ဖေဖေ့ ဆန္ဒကို လက်ခံလိုက်ကြသည်။ မင်းညိုရဲ့ ဒက်ဒီကလည်း ဖေဖေ့သဘောထား အတိုင်းပင် … ။ ဒီလိုနဲ့ မေမေနဲ့ ဘွားဘွားကပါ ဖေဖေ့ ဆန္ဒကို လက်ခံသဘောတူလိုက်ချိန်မှာ

တာတာက အရင် ပြန်လာခဲ့တာ ဖြစ်ပါသည်။

ဒီရောက်ပြီဆိုကတည်းက တာတာ့မှာ ဘွားဘွားနဲ့ ငြင်းခုန်ရတာ မို့ အမောတောင် ဆို့ချင် နေပြီ ...။ တစ်ဦးတည်းသော သမီးလေး တာတန်ခူးရဲ့ မင်္ဂလာဆည်ခံပွဲကို ခမ်းခမ်းနားနားကြီး ကျင်းပ ပေးချင်တဲ့ ဘွားဘွားဟာ သူဖြစ်စေချင်တဲ့ ဆန္ဒတွေကိုသာ ရှေ့တန်းတင်နေတော့တာ၊ သူ ရွေးပေးတဲ့ အရောင်ကိုပဲ တာတာက ဝတ်ရမတဲ့ ...။ မင်္ဂလာသတို့သမီးဆိုတာ တောက်ပပြိုးပြက် နေရမတဲ့ ... ။ ပေ့ါပေ့ါ ပါးပါးလေး မင်္ဂလာဆောင်ချင်သော တာတာ့ ဆန္ဒနဲ့တော့ အရှေ့နဲ့ အနောက် ဆိုသလိုပါ။

မေမေက နှာခေါင်းလေးရှုံ့ကာ ခေါင်းကုတ်နေသော တာတာ့ကို လှမ်းကြည့်ရင်း ...

“ရောမရောက်ရင် ရောမလိုကျင့်ရတယ် သမီး၊ ဘွားဘွား ပြောသလိုပဲ လုပ်လိုက်ပါ သမီးရယ် ... နော်၊ ခုခေတ် မြန်မာ ထိုင်မသိမ်း ဝတ်စုံလေးတွေက အရမ်းလှတာ သမီးရဲ့၊ ကဲ ... ကဲ ... သွား၊ အဝတ်အစား သွားလဲတော့၊ မိတ်ကပ်ဆရာဆီ ရက်ချိန်းဖို့ သွားရအောင် ... ”

“မိတ်ကပ်က တာတာ့ ဘာသာလည်း လိမ်းတတ်ပါတယ် မေမေရဲ့၊ တာတာ့မှာ တန်ဖိုးကြီး မိတ်ကပ်ပစ္စည်း တွေလည်း ရှိပါတယ်၊ ဒီက ဘာမိတ်ကပ်မှန်း မသိတာတွေကိုတော့ မျက်နှာပေါ် အတင်မခံချင်ပါဘူး၊ တော်ကြာ မျက်နှာမှာ အလာ့ဂျစ်တွေ ဖြစ်ကုန်မှဖြင့်၊ တာတာ့ မျက်နှာက မိတ်ကပ်တိုင်းနဲ့ မတည့်တာ မေမေလည်း သိသားပဲ ...”

“အေးပါ ... သိပါတယ် သမီးရယ်၊ ဒါပေမယ့် မေမေတို့ လိမ်းမယ့် မိတ်ကပ်ဆရာနဲ့ သေချာလေး ပြောဆို ဆွေးနွေးရမှာပေ့ါ၊ အစမ်းလိမ်းကြည့်တာမျိုး လုပ်ရမှာပေ့ါ၊ မေမေတို့ လိမ်းမယ့် မိတ်ကပ်ဆရာကလည်း အချဉ်မှ မဟုတ်တာ ကောင်းကောင်း ကိုင်တွယ်တတ်မှာပါ”

တာတာက မေမေ့စကားကြောင့် ပြုံးစိစိ ဖြစ်သွားရလျှက် ...

"အချဉ်မဟုတ်ပေမယ့် အခြောက်တော့ ဟုတ်တယ်မလား မေမေရဲ့ ..."

"အံမယ်လေးအေ ... အခြောက်ဆိုပြီးတော့ အထင်တော့ မသေးစမ်းပါနဲ့၊ အင်မတန် မြန်မာ ဆန်ပြီး ဣန္ဒြေရတဲ့ အခြောက်၊ ဂရိတ်အခြောက်ဆီမှာ မြင်ရမှာပါ"

"ဟဟ ...ညွှန်းလှပါလား မေမေရယ်၊ အခြောက်မှန်ရင် ပျာကလပ်စိန်ချည်းပဲ မဟုတ်လား မေမေရဲ့"

"အခြောက်တွေအားလုံးကို ဒီလိုတော့ သိမ်းကြုံးမပြောပါနဲ့ တာတာရယ်၊ အောင်မြင်တဲ့ အသက်မွေးဝမ်းကျောင်း ခိုင်ခိုင်မာမာနဲ့ ဂုဏ်သရေရှိ အခြောက်တွေလည်း ရှိတတ်တယ်ဆိုတာ ညည်း မကြာခင် တွေ့ရပါလိမ့်မယ်၊ မိုးနတ်မယ်ကိုသာ ညည်းတွေ့လိုက်ရင် လက်ဖျားခါသွား လိမ့်မယ်"

"မိုးနတ်မယ် ဆိုတာက ..."

"ညည်းကို မိတ်ကပ်လိမ်းပေးမယ့် အခြောက်ပေါ့ ..."

"ဟိ ... နာမည်ကတော့ အပျံစား၊ မိုးနတ်မယ်တဲ့လား"

"ကြည့် ... ကြည့် ... ရုပ်က ပြောင်စပ်စပ်နဲ့၊ အေးပါ ကြပ်ကြပ် အထင်သေးထားပါ၊ အဲဒီ မိုးနတ်မယ် ဘယ်လောက် ကြိုးကျယ်ခမ်းနားပြီး သူ့ရက်ချိန်းရဖို့ ဘယ်လောက်ခက်တယ်ဆိုတာ ညည်း မကြာခင် သိရပါလိမ့်မယ်"

မေမေ တာတာ့ကို မျက်စောင်းထိုးရင်းပြောသည်။ တာတာကတော့ ပြုံးစိစိလေးပဲ ငြိမ်နေလိုက်ပါသည်။ အခြောက်ဟာ အခြောက်ပေါ့။ ဘာထူးတဲ့ အခြောက်မို့လို့လဲ ...။ မိတ်ကပ်တွေ ဖွန်းနဲ့ ခြစ်ချအောင် လိမ်းပေးမယ့် အခြောက်ပေါ့ ...။

"မေမေနော် တာတာ တစ်ခုတော့ ကြိုပြောထားမယ်၊ မိတ်ကပ်အထူကြီးတော့ လုံးဝ မလိမ်း ဘူး၊ တာတာ့ကို တာတာနဲ့

မတူအောင်လိမ်းရင်တော့ ချက်ချင်း မျက်နှာပြေးသစ်ပစ်လိုက်မှာပဲ … ”

“မိတ်ကပ် ဘယ်လောက်ထူထူ ညည်းရုပ်ကိုတော့ ဂျနီဖာလိုပက်တို့ မိုင်လီဆိုင်းရပ်စ် တို့ လို ရုပ်မျိုး ထွက်သွားအောင် မလိမ်းပါဘူး တာတာရယ်၊ ရစ်မနေစမ်းပါနဲ့ … ”

“မေမေနော် … မေမေ မသိဘူး၊ တာတာ သိတယ်၊ မနေ့က တာတာ့ ငယ်သူငယ်ချင်းတစ် ယောက် မိန်းထဲမှာ ဘွဲ့ယူလို့ တာတာ ကားမောင်းပြီး လိုက်ပို့ပေးရတာ ၊ သူ့ရုပ်ကြီး ကြည့်ပြီး တာတာ့မှာ ရယ်ချင်စိတ်ကို တအား အောင့်ထားရတယ်၊ လိမ်းထားတာများ ပြာနှမ်း၊ ရဲတွတ် ထူပျစ်နေတာပဲ … တကယ်၊ တာတာတို့ ဆီမှာ ဘွဲ့ယူရင် ဘယ်သူမှ အဲ့ဒီလို မပြင်ဘူး၊ အဲ့ဒါ အခြောက်လက်ရာလေ၊ အခြောက်ဆီမှာ သွားပြင်လာခဲ့တာတဲ့၊ တာတာ့ ရုပ်သာ အဲ့လို ဖြစ်ကြည့် ပါလား တစ်ခါတည်း အော်ငိုပစ်လိုက်မယ် … ”

“မိတ်ကပ် ဆိုတာ ထူထူလေးလိမ်းမှ ဓာတ်ပုံထဲကျရင် အရမ်းလှသွားတာ သမီးရဲ့၊ အပြင် မှာ ကြည့်လို့ မကောင်းရင်တောင် ဓါတ်ပုံထဲကျ လှသွားတာပဲ … ”

“အပြင်မှာ လှဖို့က အရေးကြီးတာ”

“အပြင်မှာ လှတာက တစ်ခဏပဲ ကြည့်ရတာ ၊ ဓါတ်ပုံထဲမှာ လှတာက တစ်သက်လုံး ကြည့်ရမှာလေ၊ တစ်သက်လုံး လှလှလေး ကြည့်ဖို့အတွက် တစ်ခဏလေး မလှတော့ရော ဘာဖြစ်သေးလဲ တာတာရဲ့ ၊ စကားမရှည်နဲ့တော့ သွား … မြန်မြန် အဝတ်အစားသွားလဲ ညည်းကသာ ကြေး(ဂျီး)များနေတာ၊ မိုးနတ်မယ်ကဖြင့် အားပါစေဦး၊ ဒီအချိန်လောက်ဆို သူ့ဒိတ်တွေက ပြည့်နေမှာ၊ ကိုယ်လိုချင်တဲ့ရက် ရအောင် မနည်းချိတ်ရဦးမှာ …”

တာတာက ခေါင်းလေး စောင်း၊ လက်ကလေးဖြန့် ပခုံးလေး တွန့်ပြလိုက်ပြီး မေမေ့ရှေ့ ကနေ ထထွက်လာခဲ့ပါသည်။ မေမေက တစ်မျိုး၊

ဘွားဘွားက တစ်မျိုး၊ အမျိုးမျိုးပါပဲရှင် …။

ကိုယ့်အခန်းထဲရောက်တော့ တာတာက၊ အဝတ်တစ်စုံ ရွေးချယ်ထုတ်ယူလိုက်ပါသည်။ တာတန်ခူးရဲ့ ခန္ဓာကိုယ်ဟာ ပိန်ပေမယ့်လည်း အချိုးအစားကျကျလေးမို့ ဘာဝတ်ဝတ် အဆင်ပြေပါသည်။ free style ကိုသာကြိုက်နှစ်သက်သော တာတာက လှဖို့ထက် Comfort (သက်တောင့်သက်သာ)ဖြစ်ဖို့ကိုသာ ဦးစားပေးတာမို့ တာတာ့ အဝတ်အစားတွေထဲမှာ မိန်းမ ဆန်ဆန်လှလှပပဆိုတာမျိုး သိပ်မရှိပါ။ အရောင်ဆိုလျှင်လည်း အဖြူ၊ အမည်း၊ မီးခိုး၊ ကာကီရောင် ဆိုတ ကတွေထဲက မထွက်။

တာတာက ကိုယ်ကျပ် အသားပျော့ပျော့ တီရှပ် လက်ရှည် အမည်းနှင့်မှိုတက် ဂျင်းပဲန် ပြာကို ခါးပတ်ဖြူပတ်၍ ဝတ်လိုက်သည်။ တာတာ့ ဆံပင်ကဒေးဗစ်ဘတ်ခမ်း မိန်းမ ဗစ်တိုးရီးယား ဘတ်ခမ်း ဆံပင်လို လည်ပင်းအတိတစောင်းစွေစွေ ဖြောင့်စင်းကလေးမို့ အထွေအထူး ဖြီးနေစရာ မလို…။ သေချာSkin Care လုပ်ထားသဖြင့် ပြောင်တင်းချောမွတ်နေသော မျက်နှာပေါ်ကိုတော့ဘာမိတ်ကပ်မှ မလိမ်းဘဲ နို့ရည်ကလေးသာ ခပ်မြန်မြန် ပွတ်လိမ်းလိုက်သည်။ နှုတ်ခမ်းနီ ပန်းရောင် နုဖျော့ကလေးကို အောက်နှုတ်ခမ်းပေါ် နည်းနည်းတင်ပြီးအပေါ်နှုတ်ခမ်းကို ဖိချ ပွတ်လိုက်တော့ ပန်းနုဖျော့ ပြေပြေလေးကဆိုးထားမှန်းတောင် မသိသာ …။ ဒီလောက်နဲ့ပဲ တာတာ့ အလှပြင်ချင်း ကိစ္စ ပြီးပြီမို့ကြိုးအရှည် အိတ်သေးသေး အမည်းရောင်ကလေးကို စလွယ်သိုင်းပြီး အခန်းထဲမှပေါ့ပေါ့ပါးပါး ထွက်လာပါသည်။

တာတာ ဧည့်ခန်းနားရောက်တော့ ဖုန်းပြောနေသော မေမေ့အသံကိုကြားရသည်။

“မိုးနတ်မယ်နဲ့အပဲ လိမ်းချင်တာ ကလျာရဲ့ …၊ ခုနပဲ သူတို့ဆီကို ဖုန်းဆက် ကြည့်လိုက် တာ၊ ဝါမဝင်ခင်အထိ ရက်က အပြည့်ပဲတဲ့၊ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး ကလျာရယ် …၊ အင်း … အင်း … ဟုတ်လား၊

အေးလေး ... အဲ့ဒါဆိုလည်း သွားတွေ့ပြီး ပြောကြည့်လိုက်မယ်လေ၊ အိုကေ အိုကေ... ဒါပဲလေ ...နော်”

မေမေက မိုးနတ်မယ်မှ မိုးနတ်မယ် ဖြစ်နေတာမို့ တာတာက ဖုန်းပြောနေသော မေမေ့နောက်ကျောကို ကြည့်ကာ မဲ့ရွဲ့ရှုံ့တွနေတုန်း မေမေက တာတာ့ဘက်သို့ ပြုံးခနဲ လှည့်လာ တာမို့ တာတာက ကိုယ့်မျက်နှာကိုယ် မြန်မြန် ပြန်တည်လိုက်ရသည်။

မေမေက သူ့ဘာသာသူ ဓာကပ်နေကာ ...

“မိုးနတ်မယ်နဲ့ လိမ်းဖို့နှစ်လ ကြိုချိတ်တာတောင် မရဘူး သမီးရယ်၊ မေမေ့ သူငယ်ချင်း ကလျာ ပြောတာတော့ ဘွတ်ကင်ယူထားတဲ့ သူတွေဘက်က အကြောင်းအမျိုးမျိုးနဲ့ ဘွတ်ကင် ဖျက်ရင်တော့ ရနိုင်တယ်တဲ့ ၊ သွားတွေ့ပြီး သေချာပြောကြည့်ရမှာပါပဲ ... ”

“အဲ့ဒီ မိုးနတ်မယ်က ဘယ်လောက် တော်နေလို့လဲ၊ သူနဲ့ လိမ်းမှဖြစ်မှာလား၊ မြန်မာပြည်မှာ သူတစ်ယောက်ပဲ မိတ်ကပ်ဆရာ ရှိတာလား၊ အဲ့ဒီလောက်ခက်ရင်လည်း ချိတ်မနေပါနဲ့ မေမေရာ၊ တခြားတစ်ယောက်နဲ့ပဲ လိမ်းရအောင်ပါ ”

“ဒီက ဒိတ်ဒိတ်ကြဲ မင်္ဂလာဆောင်မှန်သမျှ မိုးနတ်မယ်နဲ့ပဲ လိမ်းကြတာ၊ သူက ဖက်ရှင်အမြင်လည်းရှိတယ်၊ မင်္ဂလာဝတ်စုံ၊ လက်ဝတ်လက်စားကအစ သူ့ဆီမှာ အားလုံးရှိတယ် သမီးရဲ့၊ မေမေရော ဘွားဘွားပါ မိုးနတ်မယ်လက်ရာကိုပဲ ကြိုက်တာ၊ ကဲလေ ... ဟိုရောက်ရင်တော့ သိရမှာပါ၊ လာ ... လာ... သွားကြမယ်”

မေမေက တာတာ့လက်ကို တစ်ဖက်က လှမ်းဆွဲ၊ တစ်ဖက်က ဆိုဖာပေါ်တင်ထားသည့် လက်ကိုင်အိတ်ကို လှမ်းယူကာ အိမ်ပြင်သို့ ခက်သွက်သွက် ထွက်လာသည်။

တာတာကတော့ ရှုံ့မဲ့မဲ့ တွန့်ဆုတ်ဆုတ်လေး လိုက်လာပါသည်။

ဟွန့် … အဲဒီ အခြောက်တွေဆီ သွားကို မသွားချင်။

အာရုံနောက်လွန်းလို့ …။

“မယ် ရှိလား၊ မယ်နဲ့ တွေ့ချင်လို့ပါ”

“မယ်မယ် မရှိပါဘူးရှင်၊ ဘာကိစ္စများ ရှိလို့ပါလဲရှင်”

အဟာစ် … ဟာစ် …။

တာတာက လည်ချောင်းထဲကနေ တဟာစ်ဟာစ် ရန်းထွက်လာသော ရယ်သံကို ဇွတ်ပြန်မျိုချရင်း ကိုယ့်ရှေ့က ယဉ်ကျေဖွယ်ရာ လှပသော အခြောက်မကို ပြုံးစိစိလေး စိုက်ကြည့် နေလိုက် ပါသည်။

မိုးနတ်မယ်ရဲ့ တပည့်လက်သား တစ်ယောက်ဖြစ်ပုံရသော ထိုအခြောက်မပုံစံက တခြား တာတာ မြင်ဖူးတဲ့ အခြောက်တွေနဲ့ မတူတာတော့ အမှန်ပင် …။ အခြောက်တော်တော်များများ ရဲ့ ကိုယ်နေဟန်ထားဟာ ဘာကြောင့်မှန်းမသိဘဲ ကော့လန်လန် လိန်တွန့်တွန့် ဖြစ်နေတတ်ပေမယ့် ဒီအခြောက်မတော့ လမ်းလျှောက်ပုံလေး မသိမသာ ကော့လန်လန်လေး ဖြစ်နေတာကလွဲရင် လိန်တွန့်လို့တော့မနေ …။ ဝတ်ပုံစားပုံကလည်း ဘောင်းဘီဖင်ကျပ် သရုပ်ပျက်မဟုတ်။ ထူးထူး ဆန်းဆန်း ချည်လုံချည်လေးနှင့် ဗမာအင်္ကျီ ရင်စေ့ကလေးကို ကြော့ကြော့ရှင်းရှင်း ဝတ်ထားသည်။ မျက်နှာ ပေါ်မှာလည်း မိတ်ကပ်တွေ ပြာနှမ်းနေအောင် ပြင်မထား။ ရုပ်ရှင်တွေထဲက အခြောက်မတွေလို နှုတ်ခမ်းနီရဲရဲကြီးလည်း ဆိုးမထားပါ။

မျက်နှာလေး ယဉ်စစကလေးနှင့် လက်ကလေးနှစ်ဖက်ကို ရှေ့မှာယှက်ကာ မျက်လွှာကလေး ချကာချကာဖြင့် ကော့လန်လန်လေး လျှောက်လာပြီးမှ ယဉ်ယဉ်ကျေးကျေး နူးနူးညံ့ညံ့ ပြောလိုက်တာပင် …။

အင်း … အခြောက်တွေများ မိန်းမပီသ နူးညံ့သိမ်မွေ့ပြီဆို တာတာတို့

မိန်းမအစစ်တွေ တောင် လိုက်လို့မမီနိုင်ဘူး ထင်ပါရဲ့ ...။

"ဒါဆို မယ် ဒီကို ဘယ်အချိန်လောက်ရောက်နိုင်မလဲကွယ် ...၊ အန်တီတို့က မယ်နဲ့ တွေ့ပြီး ပြောကြည့်ရမှာလေး ရှိလို့ပါ"

"မယ်မယ်က စင်ကာပူ သွားနေတာ ဒီနေ့မနက်ဘဲ ပြန်ရောက်ပါတယ် အန်တီ၊ ပြန်ရောက်ရောက်ချင်းတော့ သူ့အခန်းမှာဘဲ နားနေဦးမယ် ထင်ပါတယ်၊ ဒီကို ဘယ်အချိန်ရောက်မယ်ဆိုတာတော့ အယဉ်တို့ကိုလည်း လှမ်းမပြောသေးလို့ အယဉ်လည်း အတိအကျ မသိပါဘူးရှင် ... "

အမယ့် ... နာမည်က အယဉ်ဆိုပါလား။

သူ့ကိုယ်သူ အယဉ်ဟု ထည့်ပြောလာသော အခြောက်မကြောင့် တာတာက ပိုရယ်ချင် လာသည်။ တာတာက ဘာမှဝင်မပြောဘဲ မေမေပြောတာကိုသာ ရပ်ကြည့်နေလိုက်သည်။

"ဒါဆို ဖုန်းလေးတစ်ချက်လောက် ဆက်ပြီး မေးပေးလို့ မရဘူးလား အယဉ်ရယ်၊ သူလာမှာ သေချာရင်လည်း အန်တီတို့ စောင့်နေနိုင်ပါတယ်"

အယဉ်က ခေါင်းကလေးငဲ့ကာ ခဏငြိမ်နေပြီးမှ ...

"အန်တီတို့ တွေ့ချင်တဲ့ ကိစ္စ ခေါင်းစဉ်လေးများ အယဉ့်ကို ပြောပြပေးနိုင်မလားရှင်"

"အန်တီ့ သမီးမင်္ဂလာဆောင်ကိစ္စ အတွက်ပါ ..."

"ရက်ချိန်းယူဖို့ ကိစ္စဆိုရင်တော့ အယဉ့်ကို ပြောလည်းရပါတယ်၊ အယဉ်က မယ်မယ့် အတွင်းရေးမှူးပါ၊ ရက်ချိန်းယူပြီးသားဆိုလည်း လိုအပ်တာလေးတွေ အယဉ့်ကို ပြောလို့ရပါတယ်။"

"အန်တီက မယ့်ကို တွေ့ချင်တာပါကွယ်၊ အန်တီတို့လိုချင်တဲ့ ရက်ကို မရနိုင်ဘူး ဆိုရင် လည်း ဘယ်လို ညှိနိုင်းရင် အဆင်ပြေမလဲဆိုတာ သိချင်တာပါ၊

ပြီးတော့ အန်တီ့ သမီး Skin (အရေပြား)က အလာ့ဂျစ်စကင်ဆိုတော့ မိတ်ကပ်လိမ်းရင် အဆင်ပြေမပြေရယ်၊ ပြီးတော့ အန်တီ့ သမီးကလည်း သူလိမ်းချင်တဲ့ အနေအထားလေးတွေကို မယ်နဲ့ တွေ့ပြီးဆွေးနွေးရမှာမို့လို့ပါ”

“ဟုတ်ကဲ့ အယဉ် သဘောပေါက်ပါတယ် အန်တီ၊ ဒါပေမယ့် မယ်မယ်က သူအနားယူတဲ့ အချိန်ဆို ဖုန်းပိတ်ထားတတ်တော့ အခုချိန်မှာ အယဉ်တို့ဘက်က ဆက်သွယ်ဖို့ ခက်လို့ပါရှင်၊ ပြီးတော့ … မယ်မယ်က သူအနားယူတဲ့ အချိန်ဆို အယဉ်တို့ ဖုန်းဆက်ရင် မကြိုက်ဘူးလေ၊ တစ်ခုတော့ရှိတယ်၊ မွန်းလွဲ ၃ နာရီကျရင် ဆီဒိုးနားမှာ တစ်ပွဲသွားလိမ်းစရာ ရှိတော့ မယ်မယ် ဒီကို ၁ နာရီခွဲလောက် ရောက်မယ်ထင်ပါတယ်၊ အဲဒီ အချိန်ထိဆို အန်တီတို့ အကြာကြီးစောင့်နေရမှာ အားနာလို့ပါ”

မေမေက နာရီတစ်ချက် ငုံ့ကြည့်လိုက်ရင်း …

“အို … ခုဘဲ ၁၂ နာရီခွဲနေပြီ၊ ဒီလောက်ကတော့ အန်တီတို့ စောင့်နိုင်ပါတယ်၊ စာအုပ်ဖတ်ရင်း စောင့်နေမှာပေါ့”

“ဟုတ်ကဲ့ … ဒါဆိုလည်း စောင့်ပါအန်တီ၊ အေးအေးဆေးဆေး ထိုင်ကြပါနော်၊ ဒီနေ့ထုတ် ဂျာနယ်တွေရှိပါတယ်၊ ဒါက ဒီလထုတ် မဂ္ဂဇင်းတွေပါ၊ ဒီနေ့ ရာသီဥတုကလည်း နည်းနည်း ပူသလို ဘဲနော် အန်တီ၊ အယဉ် အဲကွန်းလေး ပိုအေးအောင် တင်ပေးပါမယ်၊ ကျော့ရေ … အန်တီတို့ဖို့ အအေးလေး လုပ်ပါဦး …”

အယဉ်က ပျာပျာသလဲလဲ ရို့ရို့ကျိုးကျိုးလေး ညွှတ်ခံရင်း အဲကွန်းရီမုထားသည့် နေရာသို့ ကော့လန်ကော့လန်လေး လျှောက်သွားပြီး ရီမုခလုတ်ကို လှမ်းနှိပ်၊ နောက်ဘက်ကနေ ထွက်လာသည့် ကျော့ဆိုတဲ့ အခြောက်ကိုလည်း လှမ်းပြော၊ သူ့ဟာသူ ဒေါက်ကို စေ့နေသည်။

အယဉ် နောက်ဘက်ကို ပြန်ဝင်သွားတော့ ညှော့ခန်းထဲမှာ တာတာတို့ သားအမိဘဲ ကျန်နေခဲ့သည်။

တာတာက ဘေးချင်းယှဉ်ထိုင်နေသည့် မေမေ့ကို ပခုံးနှင့် လှမ်းတိုက်လိုက်ရင်း အသံတိုးတိုးဖြင့် ...

"မေမေ့ မိုးနတ်မယ်ကလည်း ကြီးကျယ်လိုက်တာ၊ တစ်နာရီလောက်တောင် ထိုင်စောင့် ရမှာ ပျင်းစရာကြီးပါ မေမေရာ၊ သွားရအောင်ပါ၊ နောက်နေ့မှ ဖုန်းဆက်ချိန်းပြီး လာလိုက်လည်း ရတာ ဘဲ"

"ဒီကိစ္စကို တစ်ခါတည်း ဖြတ်လိုက်ချင်လို့ပါ တာတာရယ်၊ မင်္ဂလာဆောင် ကိစ္စ တစ်ခု ဖြစ်မြောက်ဖို့ လုပ်ရမယ့် ကိစ္စတွေမှ အများကြီး၊ မပြတ်မပြတ်ဖြစ်နေတဲ့ ကိစ္စတွေများလာရင် ဘာတစ်ခုမှ လက်စ မသတ်ဘဲ ကသောင်းကနင်းတွေ ဖြစ်ပြီး ဟိုပြေးဒီပြေးနဲ့ ပိုပင်ပန်းတတ်တယ်၊ သူ့ဆီက ဒိတ်ရမှ ကျန်တာတွေနဲ့ ပြန်ချန်ညှိပြီး ဆက်စီစဉ်လို့ရမှာ ၊ ညည်းဘာမှ မသိဘဲ ပုကျပုကျိ လာလုပ်မနေနဲ့၊ ရော့... ဒီမှာ ပျင်းရင် မဂ္ဂဇင်းဖတ် ..."

မေမေက မဂ္ဂဇင်းတစ်အုပ် လှမ်းယူပြီး တာတာ့ လက်ထဲ ထည့်ပေးလိုက်ချိန်မှာ "ကျော့" ဆိုသည့် အခြောက်တစ်ယောက်က အအေးဖန်ခွက် နှစ်ခွက် ထည့်ထားသည့် လင်ဗန်းလေးကို ကိုင်ကာ ဧည့်ခန်းထဲသို့ ဝင်လာနေပါသည်။

ကျော့ဟာလည်း အယဉ့်လိုပဲ မြန်မာ လုံချည်နှင့် ရင်စေ့လေးကို သပ်သပ်ရပ်ရပ် ဝတ်ထား သည်။ ဖုတာ ဖောင်းတာကတော့ အစစ်လား၊ အတုလား ဆိုတာ တာတာလည်း မခန့်မှန်းတတ်ပါ။

ကျော့က ဒူးလေးညွှတ်ကာ အအေးဖန်ခွက်တွေကို တာတာတို့ စားပွဲပေါ်သို့ လှမ်းတင် ပေးနေရင်း ...

"အမောပြေလေး သောက်လိုက်ကြပါဦးနော် ... "

ဟု ပြုံးပြုံးလေး ပြောသည်။ ပြီးတော့ တာတာတို့ကို တစ်ချက် မျက်လွှာ ပင့်ကြည့်ပြီးမှ မျက်လွှာလေး ပြန်ချကာ ဆင်မယဉ်သာ ထွက်ခွာသွားပါသည်။

တာတာက ပြုံးစိစိနဲ့ပင် ကျော့ရဲ့နောက်ပိုင်းကို လှမ်းကြည့်နေရင်းက ...

"မေမေ ... "

"အင်ဟင် ... "

"မေမေ့ အခြောက်တွေက တခြား အခြောက်တွေနဲ့ သိပ်မတူသလိုပဲနော်"

"ဘယ်တူမလဲ ... မိုးနတ်မယ်ရဲ့ တပည့်တွေပဲဟာ၊ မယ်က သူ့တပည့်တွေကို သူများအထင်မသေးအောင်၊ မစော်ကားအောင် သေချာ ဆုံးမထားတာ၊ သူ့တပည့်တွေ ကြည့်လိုက်ရင် အပိုးကိုကျိုးလို့၊ ကလပ်တက်တက် ပုံစံမျိုးလည်း တစ်ယောက်မှ မရှိဘူး၊ အဝတ်အစားက အစ မြန်မာထည် လုံချည် အင်္ကျီလေးတွေပဲ ဝတ်ဖို့ စည်းကမ်းသတ်မှတ်ထားတာ၊ အသက်မွေးဝမ်းကြောင်းကလည်း အခြောက်ဆိုပေမယ့် ဂုဏ်သိက္ခာရှိရှိ လူတစ်လုံး သူတစ်လုံး နေနိုင်ကြတာကိုး"

"သူက စင်ကာပူတွေ ဘာတွေ ခဏခဏ သွားတတ်တာ လားဟင်"

"သွားတာပေါ့ ...၊ စင်ကာပူတင်မဟုတ်ဘူး၊ တခြားနိုင်ငံတွေလည်း သွားတယ်၊ စင်ကာပူ ဆိုတာ အိမ်ဦးနဲ့ ကြမ်းပြင်ပဲ၊ လုပ်ငန်းအတွက် လိုအပ်တဲ့ ပစ္စည်းတွေ ဘာတွေ သွားဝယ်တာ ဖြစ်မှာပေါ့ ... "

"ဟုတ်လား ..."

"သမီးက ဒီလို မိတ်ကပ်လောကအကြောင်း ဘာမှမသိတဲ့ အရွယ်လေးမှာ နိုင်ငံခြား ထွက်သွားလို့ မိုးနတ်မယ်အကြောင်းကို မသိတာ၊ သူက ဒီမှာ အရမ်းအောင်မြင်ပြီး နာမည်လည်း ကြီးတယ်၊ ဩဇာ အရှိန်အဝါလည်း ရှိတယ်၊ ဒီမိုးနတ်မယ် မိသားစု Group ကြီးကို သူပဲ ဦးဆောင်ပြီး သူ့တပည့်တွေရဲ့ ဘဝကို အရိပ်လိုမိုးပေးထားတာဆိုတော့ သူ့တပည့်တွေက သူ့ကို မေမေလို

သဘောထားကြတာ”

“ဒါဆို မယ်မယ်လို့ခေါ်တာ အမေလို့ ခေါ်တဲ့ သဘောလား”

“မေမေ သေသေချာချာတော့ မသိဘူး၊ ဒါပေမယ့် အဲဒီ လို သဘောပဲ ဖြစ်မယ်ထင်တယ် ...”

“ဒါဆို မေမေက ဘာလို့ မယ် လို့ခေါ်နေမှာလည်း၊ တော်ကြာ သူ့တပည့် ဂိုဏ်းဝင် ဖြစ်နေဦးမယ်”

“ဩော် ... မေမေခေါ်တာက သူ့နာမည် နောက်ဆုံးတစ်လုံးကို အဖျားစွတ်ခေါ်တာပါ မိတာတာရဲ့ လူတိုင်းလည်း သူ့ကို ဒီလိုဘဲ ခေါ်ကြတာ”

“သူက ဘယ်အရွယ်လည်း မေမေ”

“၃၀ ဝန်းကျင်ပေါ့ ...”

“ဒီအလုပ်လုပ်တာ ကြာပြီလား”

“မေမေ သိသလောက်ကတော့ သူက သူ့မွေးစားအဖေရဲ့ လုပ်ငန်းကို ဆက်ခံလိုက်ရတာ သမီးရဲ့၊ ဒီ Group ကြီးကို စတည်ထောင်လာတာက သူ့မွေးစားအဖေ၊ သူ့အဖေ ကင်ဆာဖြစ်ပြီး နာမကျန်းဖြစ်လာတော့ ဒီအုပ်စုကြီးကို အုပ်ချုပ်မယ့်သူ မရှိတော့ဘဲ ကသောင်းကနင်းဖြစ်ပြီး ပြိုကွဲတော့မယ့် အချိန်မှာ သူက တာဝန်ယူလိုက်တာတဲ့၊ သူ့အဖေဆုံးတော့ ဒီလုပ်ငန်းကို သူ ဆက်ခံ လိုက်တာပေါ့၊ သူ့လက်ထက်မှာမှ ပိုပြီး အောင်မြင်ကျော်ကြားလာတာ ...”

“နေ ... နေပါဦး မေမေရယ်၊ တာတာ မျက်စိလည်သွားလို့ပါ၊ မေမေပြောတဲ့ သူ့မွေးစား အဖေ ဆိုတာ ယောကျ်ားလား၊ အခြောက်လား”

“အခြောက်ပေါ့ သမီးရယ်၊ သူကတော့ အမေပဲခေါ်တယ် လို့ ပြောသံကြားဖူးတယ်”

“ဒါဆို အခြောက်က အခြောက်ကို မွေးစားတာပေါ့၊ အာ ရှုပ်နေတာပဲ

မေမေရာ၊ တော်ပြီ … တော်ပြီ … အာရုံတွေ နောက်လာပြီ”

တာတာက တကယ်ပဲ အာရုံတွေနောက်လာကာ မဂ္ဂဇင်းစာအုပ်ကို ငုံ့ဖတ်နေလိုက်တော့ ဖေဖေက တာတာ့ကို တံတောင်နဲ့ တွက်ရင်း….

“မိတာ တစ်ခုတော့ မှာထားပါရစေနေယ်၊ မိုးနတ်မယ်နဲ့တွေ့ရင် ရယ်ချင်သလို အထင်သေး သလိုပုံစံမျိုး သွားမချိုးနဲ့၊ စကားပြောတာဆိုတာ မရိုင်းစေနဲ့၊ ဟိုက သူ့ က္လဒ္ဒြေနဲ့သူ နေတာ …”

“အဲဒီ လောက် ပြောစရာမလိုပါဘူး မေမေရယ်၊ တာတာပညာတတ်ပါ၊ စိတ်ထဲ ဘယ်လိုရှိရှိ တဖက်သားအပေါ် မယဉ်မကျေး လုပ်ပဲ့မလား”

“အေးပါ … အေးပါ … ဟုတ်ပါတယ်၊ မေမေ့သမီးက စကားပြောရင် ချစ်စရာလေးဖြစ်အောင် ပြောတတ်ပါတယ်၊ မေမေ စိုးရိမ်လွန်သွားလို့ပါ”

တာတာက နှုတ်ခမ်းလေးစူကာ မေမေ့ကို စွေကြည့်တော့မှ မေမေက ရယ်မောရင်း တာတာ့ခေါင်းကို လှမ်းပုတ်သည်။

အဲဒီ နောက် တာတာက မဂ္ဂဇင်းကို စိတ်ဝင်တစား ပြန်ငုံ့ဖတ်နေလိုက်ပါသည်။

ခဏကြာတော့ မေမေက တာတာ့ခါးကို တံတောင်နှင့် လှမ်းတွတ်လိုက်ရင်း …

“ဟဲ့ … ဟိုမှာ လာနေပြီထင်တယ်”

တာတာ ခေါင်းမော့ကာ ရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်တော့ ခြံထဲသို့ ကားတစ်စီး ဝင်လာတာ တွေ့ရသည်။ မိုးနတ်မယ်၏ ကားဖြစ်ပုံရသည်။

‘မိုးနတ်မယ်ခြံ’ က အသင့်အတင့် ကျယ်ဝန်းပြီး ထိုခြံရဲ့ နောက်နားကျကျမှာ နှစ်ထပ်တိုက် ကျစ်ကျစ်လေးရှိသည်။ အောက်ထပ်မှာ သားနားလှပသော ဧည့်ခန်းကျယ်နှင့် အလုပ်ခန်းလိုမျိုး အခန်းတွေရှိပြီး

အပေါ်ထပ်မှာတော့ အယဉ်တို့ ကျော့တို့လို လူမျိုးတွေ နေကြပုံရသည်။ မိုးနတ်မယ်ကတော့ တခြားမှာ တသီးတသန့် နေပုံပင် …။

“မယ်မယ် လာပြီဟေ့ …၊ ကျော့တို့ နွဲ့တို့ရေ မယ်မယ် လာပြီဟေ့ …”

ပထမဦးဆုံး ပြေးထွက်လာသူကက အယဉ်ဆိုတဲ့ ယဉ်စစ အခြောက်မ။ ပြေးသည် ဆိုသော်ငြားလည်း ယောကျ်ားတွေလို တလွှားလွှား ပြေးတာမဟုတ်၊ ထဘီလေးတစ်စကို အသာ “မ” ကာ ကာတွန်းရုပ်လေးလို တောက်တောက်တက်တက် ခပ်သွက်သွက်လေး အပြေးတစ်ပိုင်း…။

အယဉ့်နောက်ကမှ ကျော့ရယ်၊ နွဲ့ဆိုတဲ့ တစ်ယောက်ရယ်က အယဉ့်ပုံစံလိုမျိုးဘဲ လျှောက်ထွက်သွားတာမို့ တာတာ့မှာ သူတို့ကို လိုက်ကြည့်ရင်း ရယ်ရသေးသည်။

အယဉ်တို့ ပေါ်တီကိုအောက်၌ ရပ်မိချိန်မှာ မိုးနတ်မယ်ရဲ့ Supercustom ကားက အယဉ်တို့ရှေ့မှာ လျှောခနဲ ရပ်လိုက်ပါသည်။

အယဉ်က နောက်ခန်းရဲ့ ဘေးဆွဲတံခါးအကျယ်ကြီးကို ပျာပျာသလဲ ပြေးဖွင့် ပေးလိုက်သည်။

တာတာတို့ နေရာက လှမ်းကြည့်ရင် ထိုမြင်ကွင်းကို သေချာမြင်ရသည်။ တာတာက ကားထဲကနေ ဘယ်လိုပုံစံမျိုးများ ထွက်လာမလဲဟု စိတ်ဝင်တစား စူးစူးစိုက်စိုက်လေး လှမ်းကြည့် နေမိသည်။

ထိုအချိန်မှာဘဲ ကားနောက်ခန်းကနေ လှမ်းဆင်းလာသော အမျိုးသမီးတစ်ယောက်ကို ထင်းခနဲ လှမ်းမြင်လိုက်ရပါသည်။

အရပ်မြင့်မြင့်၊ ခန္ဓာကိုယ် ပြည့်ပြည့်တင်းတင်းနှင့် ကိုယ်နေဟန်ကြည့်ကောင်းသော ထိုအမျိုးသမီးဟာ အနက်ရောင်ပေါ်မှာ အနီချိပ်တွေပါသော တန်ဖိုးကြီး ပိုးချိတ်လုံချည်ကို သေသပ် ချပ်ရပ်စွာ ဝတ်ထားသည်။

အနက်ရောင်ပိုးပြောင် ရင်ဖုံးခါးတို အင်္ကျီလေးက ပုံကျသေသပ်လွန်းသည်။ ပခုံးသာသာ ဆံပင်ကို ဘေးခွဲခွဲ၍ နောက်မှာ သေသေသပ်သပ် စည်းနှောင်ထုံးဖွဲ့လျှက် အနီရောင် နှင်းဆီတစ်ပွင့်ကို ခေါင်းရဲ့ ဘယ်ဘက်ဘေးတစ်စောင်းလေးမှာ ပန်ဆင်ထားသည်။ စီးထားတဲ့ ဖိနပ်က အောကတ္တိပါ အနီရောင် ခပ်ထူထူလေး ...။

"အဲဒါ မိုးနတ်မယ်လေ ...၊ မလှဘူးလား"

မေမေက တီးတိုးကပ်ပြောသည်။ တာတာက မယုံနိုင်စွာဖြင့် မိုးနတ်မယ်ကို လှမ်းကြည့်နေသည်။

သူ့ကိုကြည့်ရတာ အခြောက်နဲ့ မတူဘဲ ဂုဏ်သရေရှိ မိန်းမတစ်ယောက်နှင့် တူနေသည်။

ကားပေါ်က ဆင်းလိုက်ပုံ၊ လမ်းလျှောက်လာပုံက အစ အခြောက်ရယ်လို့ ဘယ်ကကြည့်ကြည့် မသိနိုင်အောင် ပိပိရိရိ ခြောက်နိုင်လွန်းသည်။

အထူးခြားဆုံးက မျက်နှာထားပင်။

မပြုံးမရယ် တည်ငြိမ် ဣန္ဒြေရကာ သူ့မျက်နှာထားကိုက ထည်ဝါနေသည်။ လူရှိန်စရာ မျက်နှာထားမျိုးကို ဒီလို အခြောက်တစ်ယောက်ထံမှာ တွေ့ရတာ အံ့သြစရာလေ ...။

မျက်နှာမှာ ပြင်ထားတဲ့ မိတ်ကပ်က ပြေပြစ်လွန်းသည်။ နားရွက်ဖျားမှာလည်း တစ်လုံး စိန်နားကပ်က တဖျက်ဖျက် လက်နေသည်။

သူ့လက်မှာ ကိုင်ထားသည့် လက်ကိုင်အိတ်ကို အယဉ်က တရိုတသေ လှမ်းယူလိုက်ပြီး သူဇာနဲ့ ကျော့က ကားထဲက ခြင်းနှစ်ခြင်းကိုလှမ်းယူကာ မိုးနတ်မယ်ရဲ့ နောက်ကနေ ရို့ရို့ကျိုးကျိုး လေး လိုက်လာသည်။ သူက ရှေ့ကနေ ထည်ထည်ဝါဝါ ဣန္ဒြေရရ။ သူ့တပည့်တွေက သူ့နောက် မှာ အပိုးကျိုးကျိုး

လေးတွေ။

အင်း … ဒီလောက် မြန်မာဆန်ပြီး ဣန္ဒြေရတဲ့ အခြောက်မျိုးတော့ မတွေ့ခဲ့ဖူးတာ အမှန်ပါပဲ။ အခြောက်ထဲမှာတော့ စူပါအခြောက်ပဲ။

“မေမေ … မိုးနတ်မယ်က အခြောက်ရော ဟုတ်ရဲ့လား မိန်းမ အစစ်ကြီးများလား …”

“အခြောက်တော့ အခြောက်ပါဟဲ့၊ အနီးကပ်ကြည့်ရင်တော့လည်း သိသာပါတယ်”

တာတာက မေမေ့ကို တိုးတိုးကပ်မေးနေတုန်းမှာ မိုးနတ်မယ်က ဧည့်ခန်းထဲသို့ လှမ်းဝင်လာရင်း တာတာတို့ဘက်ကို လှည့်ကြည့်လိုက်သည်။

အယဉ် က ခြေလှမ်းတုံ့ကာ …

“မယ်မယ် … ဒီကဧည့်သည်တွေက မယ်မယ့်ကိုတွေ့မှ ဖြစ်မှာမို့လို့တဲ့၊ စောင့်နေကြတာ တစ်နာရီလောက် ရှိပါပြီ”

“အို … အားနာစရာ …”

မျက်ခုံးလေး မသိမသာပင့်ကာ ပြောလိုက်သော အသံက မိန်းမသံပီပီသသ မျိုးတော့ မဟုတ်။ ယောကျ်ားသံဆိုပေမယ့်လည်း နူးညံ့ကာ လေယူလေသိမ်းက အဆင့်တန်းရှိသည်။

မိုးနတ်မယ်က တာတာတို့ရဲ့ မျက်နှာခြင်းဆိုင် ခုံမှာ ဝင်ထိုင်လိုက်ရင်း …

“ဆောရီးပါနော်၊ ဧည့်သည်ရှိမှန်း မသိလို့ မယ်မယ်လည်း အိမ်မှာ ဖုန်းပိတ်ပြီး အေးအေး ဆေးဆေး နားနေမိတာ …”

“မယ့် အမှားမဟုတ်ပါဘူးကွယ်၊ အန်တီတို့ကသာ မယ့်ကိုတွေ့ချင်ဇောနဲ့ ကြိုချိန်း မထားဘဲ စောင့်နေခဲ့တာပါ …”

"မယ့်ကို ခုလို လိုလိုလားလား တွေ့ချင်တဲ့ သူတိုင်းကို မယ်က ကျေးဇူးတင်ရမှာပါ၊ မယ့်ဆီကို ခုလို လာတဲ့သူတွေ ရှိနေလို့လည်း မယ့်နာမည်လေး ဒီလောကမှာ ရှင်သန်ခွင့် ရနေတာပါ"

အံ့မယ် ... ဒီအခြောက်က အပြောကတော့ညက်နေတာပဲ ဆရာ...။

"ဘာများ လိုအပ်ပါသလဲ အန်တီ၊ မယ် ဘာများလုပ်ပေးရပါ့မလဲ"

"ဒီမှာလေ ... ဒီသမီးလေးရဲ့ မင်္ဂလာကိစ္စအတွက် လာခဲ့တာ၊ ဒါ အန်တီ့သမီးလေး တာတန်ရူး တဲ့"

"ဩော် ... ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ညီမလေး"

မိုးနတ်မယ်က ပြောပြောဆိုဆို တာတာ့ထံ လက်ဆန့်တန်းပေးလိုက်တာမို့ တာတာက တွန့်ဆုတ်ဆုတ်လေး လက်ဆွဲနှုတ်ဆက်လိုက်ရသည်။ သူ့လက်တွေက ယောကျ်ားကြီး လက်လိုမျိုး ခိုင်ခိုင်မာမာ တင်းတင်းတောင့်တောင့် မျိုးတော့မဟုတ်။ မိန်းမလက်လောက် မနူးညံ့ ပေမယ့် နွေးထွေးပျော့ပျောင်းမှုတော့ ရှိသည်။ တာတာ့ကို ကြည့်တဲ့ သူ့အကြည့်တွေက နွေးထွေးပြီး တည်ငြိမ်တာမို့ သူ့ကို အခြောက်ရယ်လို့ စိုးရွံ့မနေဘဲ ခင်မင်ချင်သလိုတောင် ဖြစ်လာရပါသည်။

"သမီးတာတာ့ မင်္ဂလာပွဲက ရှေ့လ (၁)ရက်နေ့ ဆီဒိုးနားမှာ ချိတ်ထားတယ်လေ မယ် ..."

"အို ... သိပ်တောင်မလိုတော့ဘူးပဲ၊ တစ်လခွဲလောက်ပဲ လိုတော့တာနော်"

"ဟုတ်တယ် မယ်၊ သမီးတို့က နိုင်ငံခြားကနေ ပြန်လာပြီး ဒီမှာ ဆောင်ကြမှာလေ၊ ဟိုမှာရှိတဲ့ သူ့အဖေကလည်း ဒီလောက်အချိန်အတွင်း စီစဉ်ရတာ ကသီကလင်ဖြစ်မှန်း မသိတော့ သူအားမယ့်ရက် နဲ့ ချိန်းပြီး အဲ့ရက်ကို ရွေးကြတာ၊

ဟိုတယ်က ပိတ်ရက်မရပေမယ့် ကြားရက်ရလို့ တော်သေးတာပေ့ါ၊ အချိန်ကတော့ ၉ နာရီကနေ ၁၁ နာရီအထိလေ၊ အဲ့ဒီရက် အဲ့ဒီအချိန် မယ် အားနိုင်မလားလို့ပါ ...”

“မယ် မှတ်မိသလောက်ဆိုရင်တော့ အဲ့ဒီလောက်နီးနီး ရက်အားမရှိတော့ဘူး ထင်ပါတယ်၊ ဒါပေမယ့် ပိုသေချာအောင် ဒိတ်တွေ ပြန်စစ်ပေးပါမယ်၊ ဘွတ်ကင်လက်ခံတာက အယဉ်ဘဲ လက်ခံနေတာ မို့လို့ပါ၊ အယဉ်ရေ ... သမီး”

“ရှင် ... မယ်မယ်”

“ရက်မှတ်ထားတဲ့ ပြက္ခဒိန်လေး သွားယူခဲ့ပါ”

“ဟုတ်... မယ်မယ်”

မိုးနတ်မယ်ရဲ့ နောက်နားမှာ ရပ်နေသော အယဉ်က နောက်ဘက်အခန်းဆီသို့ ခပ်သွက်သွက်လေး လျှောက်ဝင်သွားသည်။ မေမေကတော့ မိုးနတ်မယ်ဆီက ရက်ချိန်းရဖို့ပဲ ဆန္ဒစောနေကာ ...

“ဖြစ်နိုင်ရင်တော့ သမီးကို မယ်နဲ့ပဲ ပြင်ခွင့်ရချင်တာပါ၊ မယ့်လက်ရာကို အန်တီရော အန်တီ့သူငယ်ချင်းတွေရော အိမ်က အမေကပါ သိပ်သဘောကျတာ၊ ဟိုတလောက အန်တီ့ သူငယ်ချင်း ကလျာ့ သမီးလေး မင်္ဂလာဆောင်တုန်းကလည်း မယ်နဲ့ပဲ လိမ်းတာလေ၊ သတို့သမီး လေးက သိပ်မလှရှာပေမယ့် မယ်လည်း လိမ်းလိုက်ရော မထင်မှတ်လောက်အောင်ပဲ လှလိုက်တာလေ...”

“အဟင်း ... နဂိုရှိလို့ နဂိုင်းထွက်လာတာပဲ ဖြစ်မှာပါ အန်တီရယ်၊ မယ်က ဒီလောက်ကြီးလည်း အစွမ်းထက်တဲ့သူ မဟုတ်ပါဘူး၊ အစစအရာရာ သင်ယူ လေ့လာရင်း ကြိုးစားနေရတုန်းပါ...”

“ဒါ မယ်က နှိမ့်ချပြောတာပါ၊ မယ့် ဂုဏ်သတင်းတွေက မွှေးပြီးသားပါကွယ် ...”

မိုးနတ်မယ်က ပြုံးလိုက်ရင်းက ဘာမှဝင်မပြောဘဲ မေမေ့ဘေးမှာ ခပ်ငြိမ်ငြိမ် ထိုင်နေသည့် တာတာ့ကို လှမ်းကြည့်လျှက် ...

"အန်တီကသာ မယ်နဲ့ပြင်ဖို့တက်ကြွနေတာ၊ ဟိုသတို့သမီးလေးကဖြင့် ငြိမ်ချက်သား ကောင်းနေလိုက်တာ"

"သမီးက ပြီးခဲ့တဲ့ အပတ်ကမှ နိုင်ငံခြားကနေ ပြန်ရောက်တာမယ်ရေ၊ သူက မျက်နှာပြောင်နဲ့ နေတတ်တဲ့ သူဆိုတော့ မိတ်ကပ်လိမ်းရရင်ပဲ စိတ်ကျဉ်းကြပ် အနေခက်နေတဲ့သူမျိုးလေ၊ မယ့်လက်ရာကိုလည်း သူမှမတွေ့ဖူးဘဲကိုး၊ သူဘယ်လောက် လှသွားမယ်ဆိုတာ မသိသေးလို့ပါ"

မိုးနတ်မယ်က တာတာ့ကို ကြည်ကြည်လင်လင်လေး ပြုံးကြည့်နေတာမို့ တာတာက နည်းနည်းလေး အားနာကာ ...

"တာတာက မမမယ်နဲ့မှ မဟုတ်ပါဘူး၊ တခြားဘယ်သူနဲ့မှလည်း မလိမ်းချင်တာပါ၊ မိတ်ကပ်တွေ အရမ်းထူးနေရင် တာတာ သဘောမကျလို့ပါ"

"အထူကြီးမဟုတ်ဘဲ လှအောင်လိမ်းလို့လည်း ရပါတယ် ညီမလေးရဲ့"

"မယ်မယ် ... ဒီမှာ ပြက္ခဒိန် ရပါပြီ"

အယဉ်ရောက်လာပြီမို့ မိုးနတ်မယ်က စားပွဲတင် ပြက္ခဒိန်မှာ မှတ်ထားသည့် အမှတ်အသား တွေကို ကြည့်နေရင်း

"အဲ့ဒီရက်မှာ လက်ခံထားတာတော့ ရှိတယ် အန်တီ"

"အို ... ဒုက္ခပါပဲ"

မေမေက မျက်နှာ အပျက်ပျက်ဖြင့် ...

"အန်တီတို့ကလည်း မယ်နဲ့ပဲ လိမ်းချင်တာ၊ ဘယ်လိုများ လုပ်ပေးရင် ရဦးမလဲကွယ်၊ ဘွတ်ကင်ပျက်တာတို့ ဘာတို့ ရှိနိုင်ဦးမလား"

မေမေက အရမ်း လိုလိုလားလားကြီး မရမကပြောနေတော့တာမို့ မိုးနတ်မယ်က အားနာသွားပုံဖြင့် ခဏငြိမ်သွားပြီးမှ အယဉ့်ကို လှည့်ကြည့်ရင်း…

"အယဉ် … ဒီပွဲက အယဉ် လက်ခံထားတာ မဟုတ်လား"

"ဟုတ် … မယ်မယ်"

"ဘာပွဲလဲ …"

"ဖက်ရှင်ရိုးပါ၊ ရှိုးလျှောက်မယ့် မော်ဒယ် ပန်းနုက မယ်မယ်နဲ့ပဲ လိမ်းချင်တယ် ဆိုလို့ပါ"

"သြော် … ဒါဆိုရင် ပန်းနုကို အယဉ်ပဲ သွားလိမ်းပေးလိုက်ပါ၊ မယ်မယ် ပန်းနုဆီကို ဖုန်းလှမ်းဆက်ပြီး ချော့ပြောထားပေးမယ်၊ သူက နည်းနည်း ဒေါသကြီးတယ်၊ ကြေးများတယ်၊ စိတ်ရှည်သည်းခံပြီး လိမ်းပေးဖို့တော့ လိုတယ်၊ အယဉ် လုပ်နိုင်တယ် မဟုတ်လား …"

"ဟိုတစ်ခါ အယဉ် သွားလိမ်းပေးတုန်းက အယဉ် နှုတ်ခမ်းနီ ဆိုးတာ မလှလို့ဆိုပြီး ဘီးနဲ့ ကောက်ပေါက်လို့ နဖူးပေါက်ဖူးတယ် မယ်မယ်"

"ခို …"

တာတာက မျက်နှာငယ်လေးနှင့် အမှုပိုပိုပြောနေသော အယဉ်ကိုကြည့်ရင်း ခိခနဲ အသံ ထွက်လာတော့ မေမေက တာတာ့ကို တံတောင်နဲ့ တွတ်သည်။ အယဉ်က တာတာ ရယ်လိုက်မှန်း သိကာ မျက်လွှာလေးချပြီး ရှက်သလိုလို နှုတ်ခမ်းစူစူဖြင့် ခေါင်းကလေး ငုံ့နေသည်။ အခြောက်ပေမယ့် လူပုံက ဖြူနွဲ့နွဲ့ ပျော့ဖတ်ဖတ်၊ အရပ်ကလည်း သိပ်မရှည်လှ …။ အသက်ကလည်း တာတာ့ထက်တောင် ငယ်မယ်ထင်ရတဲ့ အယဉ့်ကို ကြည့်ရင်း တာတာ ရယ်ပဲရယ်ချင်နေသည်။

မိုးနတ်မယ်ကလည်း အယဉ့်ကိုပဲကြည့်နေရင်း …

"ဘယ်လိုပဲဖြစ်ဖြစ် သည်းခံပါ အယဉ်၊ ကိုယ့်ဘက်က သိပ်သည်းခံလွန်းရင် တစ်ဖက်က ရိုင်းရမှာတောင် တဖြည်းဖြည်း အားနာလာပါလိမ့်မယ်၊ သည်းခံပါ၊ ယဉ်ကျေးပါ၊ သိက္ခာရှိပါဆိုတဲ့ မယ်မယ်တို့ရဲ့ဆောင်ပုဒ်ကို ဘယ်တော့မှ မမေ့ပါနဲ့ ..."

"ဟုတ်ကဲ့ပါ ..."

"ကဲ ... သွားတော့၊ ဆီဒိုးနားသွားဖို့ ပြင်ဆင်ထားလိုက်တော့ အယဉ် ..."

"ဟုတ် ... မယ်မယ်"

အယဉ် ထွက်သွားတော့မှ မိုးနတ်မယ်က တာတာတို့ဘက်သို့ ပြန်လှည့်လာကာ ...

"မယ် လိမ်းပေးပါ့မယ် အန်တီ ..."

"ကျေးဇူးတင်လိုက်တာ မယ်ရယ်၊ တကယ့်ကို ကျေးဇူးတင်ပါတယ်"

"မင်္ဂလာယူတဲ့ အခန်းအနားမျိုးမှာ မယ့်ကိုမှ လိုလိုချင်ချင် လာကမ်းလှမ်းတဲ့ အတွက် မယ်ကလည်း ကျေးဇူးတင်ပါတယ်ရှင် ..."

"ဒါဆို ... တလက်စတည်း ဆွေးနွေးစရာရှိတာလေးတွေ ဆွေးနွေးသွားလို့ ရမလားကွယ်၊ သမီးရဲ့မျက်နှာက အလှဲ့ဂျစ်ဖြစ်တတ်တော့ ...၊ ဟဲ့ ... တာတာ ငါချည်းပြောနေရတာ မောလာပြီစျ နင့်ဘာသာ ပြောလိုက်ဦး"

မေမေက တာတာ့ကို လှည့်ပြောတော့ မိုးနတ်မယ်ရဲ့ အကြည့်က တာတာ့ဆီ ရွေ့လာသည်။ တာတာက နှာခေါင်းလေးရှုံ့ကာ တစ်ချက်ရယ်ရင်း ...

"မေမေချည်းပဲ မမောနိုင်မပမ်းနိုင် ပြောနေလို့ တာတာက ငြိမ်နားထောင်နေရတာ ပါ မေမေ ရဲ့ ...၊ မေမေက အရမ်းတက်ကြွနေတော့ မေမေ့ မင်္ဂလာဆောင်လားလို့တောင် ထင်လာတာ ..."

"ဒီကောင်မလေး ..."

“အပေါင်း …ဒီလို မမမယ်ရဲ့၊ တာတာ့ အသားကလေ တော်ရုံ မိတ်ကပ်နဲ့ဆို လုံးဝကို အဆင်မပြေတာ၊ မိတ်ကပ်နဲ့ မတည့်ရင် အလာ့ဂျစ်တွေ ထွက်လာတတ်လို့ မိတ်ကပ်လိမ်းရမယ်ဆို အရမ်းကိုကြောက်နေရတာ ၊ ပြီးတော့ တာတာက မိတ်ကပ်တွေ အထူကြီးလိမ်းထားတဲ့ သူတွေကို တွေ့ရင် လှတယ်လို့ကိုမထင်ဘဲ သူတို့ကြည့်ပြီး ရယ်ပဲရယ်ချင်နေမိတာ”

မိုးနတ်မယ်ကို မိန်းမလို့သဘောထားရင် အစ်မအရွယ်မို့ တာတာက မမမယ်ဟုခေါ်ရင်း ချစ်စဖွယ်လေး ကလေးဆန်ဆန်လေး ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်တော့ မိုးနတ်မယ်က တာတာ့ကို ပြုံးကြည့်ရင်း …

“အိုကေ … အိုကေ … မမမယ် သဘောပေါက်တယ်၊ ညီမလေး ပြောချင်တာကု မမမယ် နားလည်တယ်နော်၊ ဒါပေမယ့် ဒီနေ့တော့ မမမယ်အချိန်မရတော့ဘူး၊ ခုပဲ မင်္ဂလာဆောင်တစ်ခုကို သွားရတော့မယ်၊ သန်ဘက်ခါ မနက် ၉ နာရီဆို မမမယ် ဒီမှာရှိမယ်၊ အဲဒီ နေ့ကျရင် မမယ်သုံးမယ့် မိတ်ကပ်ပစ္စည်းတွေ အကြောင်း ညီမလေးကို သေချာရှင်းပြမယ်၊ ညီမလေး ဖြစ်ချင်တာတွေကိုလည်း နားထောင်ပေးမယ်၊ အစမ်းလိမ်းချင်တယ်ဆိုလည်း လိမ်းပေးမယ်၊ အဲဒီ လိုဆို ဖြစ်မလား …”

“ဟုတ်ကဲ့ … ဖြစ်ပါတယ်”

“ဖြစ်ရမှာပေ့ါ၊ ဖြစ်တယ် … ဖြစ်တယ်၊ ဒီနေ့က ကြိုလည်း ချိန်းမထားဘဲ ဒီလောက်အချိန် ပေးတာကိုပဲ အန်တီက ကျေးဇူးတင်ရမှာပါ၊ သန်ဘက်ခါ အန်တီတို့ လာခဲ့မယ်၊ အဲဒီ နေ့ကျမှပဲ မင်္ဂလာဝတ်စုံကိစ္စတို့ လက်ဝတ်လက်စားကိစ္စတို့ပါ ဆွေးနွေးရမယ်”

“ဟုတ်ကဲ့ ဒါဆို မယ့်ကို ခွင့်ပြုပါဦးနော်၊ အန်တီတို့ ဒီမှာရှိတဲ့ ဝတ်စုံဒီဇိုင်းလေးတွေ ကြည့်ချင်ရင်လည်း ဟိုဘက်ခန်းထဲမှာ အေးအေးဆေးဆေး ဝင်ကြည့်လို့ရပါတယ်၊ ကျော့ရေ အန်တီတို့ကို ဝတ်စုံတွေ ပြပေးလိုက်ပါဦး၊

အယဉ်ရေ သွားကြရအောင်၊ သူဇာ့ကိုပါ ခေါ်ခဲ့ပါ”

“ဟုတ်ကဲ့ အဆင်သင့်ပါပဲ မယ်မယ် ...”

မိုးနတ်မယ်က တာတာတို့ဘက်သို့ ခေါင်းလေး တစ်ချက်ညွတ်ပြ၍ နှုတ်ဆက်လိုက်ပြီး ရှေ့ကထွက် သွားနှင့်သည်။ အယဉ်နှင့် သူဇာကလည်း မိတ်ကပ်ဘောက်(စ်)တွေကို သယ်မကာ လျှောက်လာ ကြရင်းက တာတာတို့ဘက်ကို ခေါင်းလေးညွတ်ညွတ်ပြရင်း မိုးနတ်မယ်၏ နောက်ကနေ လိုက်ပါသွားသည်။

ကားနောက်ခန်း တံခါးကို ဝေါခနဲ ဖွင့်ပေးလိုက်ချိန်မှာ လှပထည်ဝါစွာဖြင့် ကားပေါ်သို့ လှမ်းတက်သွားပြီဖြစ်သော မိုးနတ်မယ်ကို လှမ်းကြည့်ရင်း တာတာက ...

“ထူးလည်း ထူးတဲ့ အခြောက်ပဲနော် မေမေ”

ဟု ခပ်တိုးတိုးလေး ရေရွတ်ရင်း ကျန်ခဲ့ရပါသည်။

အခန်းတံခါး ပွင့်သွားသည်နှင့် သူက တံခါးရွက်နား အတွင်းဘက်နံရံက ကတ်ဆက်နှင့် ဆက်သွယ်ထားသော ခလုတ်တစ်ခုနှင့် မီးခလုတ်တစ်ခုကို ဆက်တိုက်နှိပ်လိုက်သည်။

သူ့ ကွန်ဒိုခန်းကျယ်ကြီးထဲမှာ ပြာလဲ့လဲ့ မီးရောင်တွေ လင်းသွားသည်။

တိန်ဖြာ ဖြူလင်းသော မီးရောင်ကို မနှစ်သက်တာမို့ သူကဖျော့ပြာသော နံရံကပ်မီးများ၊ မျက်နှာကြက်မီးများ၊ စားပွဲတင်မီးများကိုသာ သူ့အခန်းထဲမှာ တပ်ဆင်ထားသည်။

အခန်းမီးတွေ လင်းလာသည်နှင့် အနောက်တိုင်းဂီတသံစဉ်နှင့် POP သီချင်းသံလေးက အခန်းအနှံ့အပြားမှာ တပ်ဆင်ထားသည့် ဆောင်းဘောက်စ် သေးသေးလေးတွေဆီမှ ငြိမ့်ညောင်း သာယာစွာ ထွက်ပေါ်လာသည်။

သူ့ကိုကြိုဆိုတဲ့ အသံတွေပေါ့...။

သူပြန်လာတိုင်း ကြိုဆိုသူမဲ့နေသော သူ့အခန်းထဲမှာ ဒီသီချင်းသံကိုသာ မကြားရလျှင် တိတ်ဆိတ်ချောက်ချားနေရမှာ သေချာသည်။

သူက ဧည့်ခန်းရဲ့ အလည်ဗဟိုမှာ ခင်းထားသည့် တန်ဖိုးကြီး မွေးပွကော်ဇောကို ဖြတ်နင်း လျှောက် အဝတ်အစားလဲသည့် အခန်းဘက်သို့ လျှောက်လာခဲ့သည်။

ထိုအခန်းထဲမှာ အလွန်ကြီးမားသော နံရံကပ် ဗီရိုကြီး နှစ်လုံး ရှိသည်။

ဘယ်ဘက်နံရံဆီက ဗီရိုကြီးထဲမှာ များပြားလှစွာသော တန်ဖိုးကြီး ပိုးချိပ်လုံချည်တွေ။ ထိုလုံချည်များနှင့် တွဲဖက်ဝတ်ဆင်လေ့ရှိသော မြန်မာအင်္ကျီတွေ၊ ပွဲတက်တဲ့အခါ ဝတ်စုံနှင့် လိုက်ဖက်စွာခြုံလွှမ်းလေ့ရှိသော ရောင်စုံ ပုဝါတွေ၊ အကောင်းစား လက်ကိုင်အိတ်တွေ၊ ဗီရိုရဲ့ အောက်ဆုံးထပ်မှာတော့ ပုံတော်ဖိနပ်၊ ဒေါက်ဖိနပ်၊ ညှပ်ဖိနပ်၊ ဖိနပ် ဒီဇိုင်စုံ အထူအပါး အရောင်အသွေး စုံစုံ ...

မိန်းမ အစစ်သာဆို ...

ဒါမှမဟုတ်ရင်လည်း

မိန်းမစိတ်ပေါက်နေတဲ့ ယောကျ်ားတစ်ယောက်သာဆို ဒါတွေကို ဘယ်လောက် မက်မောလိုက်မလဲ ...။

သူ့မှာတော့ ဒါတွေကို မမက်မောဘဲသိမ်းဆည်းနေရသည်။ ကိုယ်တိုင် ဆင်မြန်းနေရသည်။

ယောကျ်ားတန်မဲ့နဲ့ပေါ့ ...။

ဘဝပေး အခြေအနေအရပေါ့ ...။

သူရဲ့ ညာဘက်မှာတော့ နောက်ထပ် ဗီရိုကြီးတစ်လုံးရှိသေးသည်။

ထိုဗီရိုထဲမှာ ...

တန်ဖိုးကြီး ဘရန်းဒက် စတိုင်လ်ဘောင်းဘီ အရောင်စုံ ဒီဇိုင်းစုံ၊ ဈေးကြီးပေ့ဆိုသည့် ဂျင်း ဘောင်းဘီတွေ၊ ချည်ထည် ဘောင်းဘီတွေ၊ ပြီးတော့ တီရှပ်၊ စပို့ရှပ်၊ ရှပ်လက်ရှည်၊ လက်တို၊ အစင်း၊ အကွက်၊ အပွင့်၊ ပြောင် ...စသဖြင့် အရောင်စုံစုံဟာ သူ့နေရာနဲ့ သူ တစ်ကန့်စီ တစ်ကန့်စီ ရှိနေသည်။

ပြီးတော့ ... အရောင်စုံ ဆိုက်စုံ နက်ခ်တိုင်တွေ၊ အိုမီဂါ၊ ရိုးလက်စ်၊ ဂျီရှော့ အစရှိသော ယောကျ်ားပတ် နာရီတွေ ...။

အောက်ဆုံးထပ်မှာ အမျိုးမျိုးသော ဖိနပ်တွေ...။

ဒါတွေကတော့ သူမက်မောပါလျက် အချိန်တိုင်းဝတ်ခွင့်မရသော အဝတ်အစား အသုံး အဆောင် တွေပေါ့...။

သူက ဗီရိုနှစ်လုံးရဲ့ အလယ်မှာရှိသော မှန်တင်ခုံကြီးရှေ့မှာ ရပ်တန့်လိုက်သည်။

မှန်ထဲက မိုးနတ်မယ်ဆိုတဲ့ အလှဖန်တီးရှင် တစ်ယောက်က သူ့ကို တည်ငြိမ်စွာ ကြည့်နေ သည်။

သူက ထိုပုံရိပ်ကို ကျောခိုင်းလျက် ညာဘက်က ဗီရိုကိုသွားဖွင့်ကာ အိမ်နေရင်းဝတ်သော် လည်း သားနားစတိုင်လ်ကျသော ချည်ထည်ဘောင်းဘီ ဖြူဖြူပွပွနှင့် ခေါင်းစွပ် တီရှပ်လက်ရှည် အဖြူရောင်ပွပွလေး တစ်ထည်ကို ထုတ်ယူပြီး ဗီရိုဘေးကခုံပေါ်မှာ အဆင်သင့် တင်ထား လိုက်သည်။

ထို့နောက် ခြေဖမိုးပေါ်မှာ သေသေသပ်သပ်လေး ဝဲနေသော သူ့ခန္ဓာကိုယ်ပေါ်က ပိုးချိတ်လုံချည်ကို ချွတ်ချ၊ မြန်မာအင်္ကျီနှင့် ရင်ပုံအမာပါသည့် ဘော်လီကို ချွတ်ချလိုက်ပြီး တန်းပေါ်က တဘက်ကြီး တစ်ထည်ကို လှမ်းယူကာ သူ့ကိုယ်မှာ ပတ်လိုက်သည်။

*

မှန်ရှေ့မှာ သွားရပ်လိုက်ပြီး ဆံပင်တွေကို စုစည်း သိမ်းညှပ်ထားသော ဆံပင်ကလစ်တွေကို ဆွဲဖြုတ်လိုက်သောအခါမှာတော့ လည်ကုပ်ကျော်ကျော်လေးမှာ ကိုရီးယား မင်းသားတွေလို အထပ်ထပ် စတက်ဖ် ညှပ်ထားသော ဆံပင်ပုံကျကျလေးက သူ့လည်ကုပ်တစ်ဝိုက်သို့ ဝဲခနဲ ကျလာပါသည်။

မှန်တင်ခုံပေါ်မှာ အသင့်ရှိနေသော စနိုးတာဝါလေးကိုယူကာ သူ့မျက်နှာပေါ်က မိတ်ကပ်တွေကို ပွတ်ဖျက်ပစ်လိုက်တော့ သူ့ရဲ့ မူရင်းမျက်နှာက ပေါ်လွင်လာသည်။

အင်း … ဒါကတော့ အလွန်ယောကျ်ားပီသစွာ ဆွဲဆောင်မှု ရှိလှသော “မိုးမဟာ”ပေါ့ …။ သူ့ရဲ့ သူငယ်ချင်းတချို့ ခေါ်လေ့ရှိတဲ့ “မိုးကြီး” ပေါ့ …

သူ ရေချိုးခန်းသို့ ဝင်လာခဲ့သည်။

ရေပန်းကို ဖွင့်ချပြီး ရေပန်းအောက်သို့ ဝင်ရပ်လိုက်သည်။

တစ်နေ့တာလုံး ရှင်သန်လှုပ်ရှားခဲ့ရသော အလှဖန်တီးရှင် အခြောက်တစ်ယောက်ရဲ့ အပေါ်ယံ သွင်ပြင်တွေကို ဆေးကြော လွှင့်ပစ်လိုက်သည်။

ဒီလို ညနေခင်း ရေချိုးချိန်တွေကို သူဘယ်လိုနှစ်ခြိုက်မိမှန်းမသိ။

ဒီလို ရေချိုးချိန်ကနေ နောက်တနေ့ မနက်ခင်းရေချိုးချိန်အထိ အပိုင်းအခြားကာလလေး မှာဘဲ သူ့ဘဝ အစစ်ကို ပြန်ရနိုင်တာလေ …။

နောက်တနေ့ မနက် ရေချိုးချိန်ကိုတော့ သူအမုန်းဆုံးပေါ့ …။

အဲဒီ ရေချိုးချိန်တိုင်းဟာ သူ့ရဲ့ အတုအယောင်ဘဝတွေကို အစပျိုးချိန်။

အဲ့ဒီအချိန် နောက်ပိုင်းမှာတော့ သူဟာ မိုးနတ်မယ်။ မိုးနတ်မယ် ဂရုဖ်ကြီးကို အရိပ်သဖွယ် မိုးပေးထား နိုင်သော အရှိန်အဝါကိုပိုင်ဆိုင်ထားသည့် မယ်မယ်...။

ရေကို အချိန်ကြာကြာလေး ဖိမ်ဆွဲချိုးလိုက်တော့ သူ့တစ်ကိုယ်လုံး သန့်ရှင်စင်ကြယ် အေးမြလန်းဆန်းသွားသည်။

သူက တဘက်အဖြူကြီးကို ခါးမှာ ဆွဲပတ်လျက် ရေချိုးခန်းထဲမှ ရေစက်လက်ဖြင့် ထွက်လာသည်။

မှန်ရှေ့မှာ ရပ်မိတော့ ရေစက်ရေပေါက်တွေ တင်နေသော အချိုးအစား ကျနသည့် ယောက်ျားတစ်ယောက်ရဲ့ ခန္ဓာကိုယ်အလှကို မြင်ရသည်။ ဘယ်တော့မှ လူမြင်မခံဝံ့သော ခန္ဓာကိုယ် ...။ အမြဲတမ်း ဘရာစီယာ ဝတ်ထားရသော ခန္ဓာကိုယ်။

ရေချိုးခန်းထဲမှာ မျက်နှာပေါ်က မိတ်ကပ်၊ နှုတ်ခမ်းနီတွေ၊ အိုင်းရှဲဒိုးတွေကို သေချာ Cleaning လုပ်ထားခဲ့ပြီမို့ ရှင်းသန့်ကြည်လင်သော သူ့မူရင်း မျက်နှာကိုလည်း မြင်ရပြီ ...။ ရေစို ထားသော ဆံပင်စတွေက နဖူးပေါ်သို့ စင်ကျနေတာမို့ သူ့လက်နှစ်ဖက်ဖြင့် ဆံပင်တွေကို သိမ်းမတင်လိုက်တော့ ယောက်ျားစင်စစ်ရဲ့ မဟာနဖူးက ထင်းခနဲ ပေါ်လာသည်။

ကိုယ့်အသွင်အပြင်ကို ကျေကျေနပ်နပ်ကြီး စိုက်ကြည့်လိုက်ပြီးမှ သူက ဆံပင်တွေကို တဘက်အဖြူဖြင့် သိမ်းယူကာ ဖွဖွ ပွတ်သုတ်လိုက်သည်။ ထို့နောက် အသင့်ထုတ်ထားသော ဘောင်းဘီရှည် ဖြူပွပွလေးနှင့် တီရှပ်ဖြူကို ဝတ်လိုက်သည်။

သူ ... ကြားနေရသော ရစ်ကီမာတင်ရဲ့ သီချင်းကို တီးတိုးလိုက်ညည်းရင်း အခန်းထဲကနေ ပေ့ါပါးလန်းဆန်းစွာထွက်လာပါသည်။

သူ ထမင်းစားခန်းထဲသို့ အရင်ဝင်လာသည်။

သူ့မီးဖိုခန်းက တကယ့် အပျံစား ...။

မီးဖိုခန်းထဲက အီတာလျံ ကျောက်ပြားများရဲ့ အေးမြမြ အထိအတွေ့ကို

သူကြိုက်သည်။

ဧည့်ခန်းထဲမှာ ဆိုရင်တော့ ကော်ဇောရဲ့နူးညံ့မှုအိသော အထိအတွေ့ကို သူကြိုက်သည်။

သူက နံရံကပ်ဗီရို အမြင့်ကြီးထဲက ကြွေပန်ကန်ပြားကြီးတစ်ချပ်၊ ခက်ရင်းနှင့် ဓားတို့ကို ထုတ်ယူလိုက်ပြီး ထမင်းစားပွဲပေါ်မှာ တင်လိုက်သည်။

အဲ့ဒီနောက် ညနေစာအတွက် ယူရိုပီယမ် အစားအစာကို သူကိုယ်တိုင် စိတ်ပါလက်ပါ ပြင်ဆင်လေသည်။

အသားပြားကို မိုက်ခရိုဝေ့ထဲထည့်ပြီးကင်၊ ဆလပ်ရွက်များများကို သေချာ သန့်စင်ဆေးကြော ...။ မာရီးနိ(စ်) ထည့် ...စသဖြင့် သေသပ်မြန်ဆန်စွာ လုပ်သွားသည်။

မကြာခင် စားချင်စဖွယ် အသားညှပ်ပေါင်မုန့်က စားပွဲပေါ်မှာ အသင့် ...။

သူက ထမင်းစားပွဲပေါ်မှာ ဒေါက်ကလေးဖြင့် တင်ထားသော ဝိုင်ပုလင်းကို လှမ်းယူကာ ဝိုင်ခွက်ရဲ့ သုံးပုံတစ်ပုံ မရှိတတ် ရှိတတ်လေး ထည့်လိုက်သည်။

ထို့နောက် ညာလက်ဖြင့် ပေါင်မုန့်ပန်းကန်ကိုကိုင်၊ ဘယ်လက်ဖြင့် ဝိုင်ခွက်ကို ခပ်သာသာလေး လှုပ်ယမ်းပေးရင်း ဧည့်ခန်းဘက်သို့ လျှောက်လာပါသည်။

ဧည့်ခန်းစားပွဲပေါ်သို့ ညနေစာ ပန်းကန်နှင့် ဝိုင်ခွက်ကို လှမ်းတင်လိုက်ပြီး ကက်ဆက်ခလုပ်ကို ရီမုဖြင့် လှမ်းပိတ်လိုက်သည်။ ထို့နောက် နောက် ရီမုခ် တစ်ခုဖြင့် နံရံပေါ်က ၄၂ လက်မ LCD တီဗီကို လှမ်းဖွင့်လိုက်သည်။

သူတီဗီထဲက စကားပြောဆို လှုပ်ရှားနေကြသော လူတွေကို

အဖော်ပြုရင်း ပေါင်မုန့်ကို ဓားနှင့်လှီးဖြတ်၍ ညနေစာကို အေးအေးဆေးဆေး စားသုံးနေပါသည်။ ဝိုင်တစ်ကျိုက်၊ အသားညှပ်ပေါင်မုန့် တစ်ဖဲ့ ...။ တီဗီထဲက လူတွေရဲ့ အသံခပ်တိုးတိုး ...။

ညနေစာ စားပြီးချိန်မှာတော့ လက်ကျန်ဝိုင်လေးကို မျှင်းသောက်နေရင်းက တီဗီ ချယ်နယ်တွေကို တစ်ခုပြီး တစ်ခု ပြောင်းကြည့်ရင်း သူပျင်းလာပါသည်။

ခဏနေတော့ စင်ကာပူ သွားတုန်းက ရိုက်ထားသော သူငယ်ချင်း ထက်လူရဲ့ မွေးနေ့ခွေကို သူပြန်ကြည့်နေမိသည်။

ထက်လူရဲ့မွေးနေ့ပွဲကို မိုးမဟာရဲ့ စင်ကာပူက တိုက်ခန်းမှာ ကျင်းပခဲ့တာပင်။

လူကလည်း များများစားစားမဟုတ်၊ ထက်လူရယ်၊ သူရယ် ...၊ ထက်လူရဲ့ အရင်းနှီးဆုံး သူငယ်ချင်း နိုင်ငံခြားသား မိသားစုရယ် ...။

အဲဒီ နေ့က မိုးမဟာက ပန်းရောင် ရှပ်လက်ရှည်ပေါ်မှာ ဗေ့(စ်) ကုတ်လေး ထပ်ဝတ် ထားသည်။ ဂျင်းပဲန်အကျပ် ဝတ်ထားသည်။ ရှူးစ်က အဖြူရောင် ...။ အထပ်အထပ် ဖြာကျနေသော ဆံပင်က လည်ကုပ်တစ်ဝိုက်မှာ ဝေ့ဝေ့ဝဲဝဲ ...။

သူ တီဗီထဲက မိုးမဟာဆိုတဲ့ ယောကျာ်းတစ်ယောက်ကို စိုက်ကြည့်နေမိသည်။

အားလုံးက လက်ခုပ်တီးပြီး မြှောက်ပေးကြသဖြင့် တီဗီရှေ့မှာ ကာရာအိုကေ သီချင်းဆိုရင်း စည်းချက်ညီညီ လှုပ်ရှားကခုန်နေသော မိုးမဟာ ...၊ အနောက်တိုင်းကကွက်တွေကို ကျွမ်းကျင်သော မိုးမဟာ ဟာ မြန်မာနိုင်ငံမှာတော့ ထိုကကွက်တွေကို ဘယ်နေရာမှာမှ ထုတ်ဖော်ပြသ ပျော်မြူးခွင့်မရဘဲ မိန်းကလေးတွေရဲ့ မျက်နှာများစွာကို ကိုင်တွယ်ခြယ်သရသော အလုပ်ကိုသာ

လုပ်နေခဲ့ရသည်။ တော်တော် ဆန်းကြယ်တဲ့ ဘဝကြီးပေပဲ …။

အို … ဒါပေမယ့်လည်း ခုလို သူတစ်ယောက်တည်း ရှိနေချိန်မှာ သူ့ဘဝ အမှန်အတိုင်း လွတ်လပ်စွာ ရှင်သန်လှုပ်ရှားခွင့် ရှိနေသားပဲ …။

သူက ထိုအခွေကို ပိတ်ပစ်လိုက်ပြီး ကက်ဆက်ခလုတ်ကို ပြန်ဖွင့်လိုက်တော့ အနောက်တိုင်း ဂီတသံစဉ် ငြိမ့်ငြိမ့်လေးက အခန်းထဲမှာ လွင့်ပျံ့လာသည်။

သူ ဝိုင်ခွက်ကို ကိုင်ရင်း မတ်တတ်ထရပ်မိသည်။ ဝိုင်တစ်ကျိုက်သောက်ရင်း သူ့ခြေထောက်တွေကို ဖြည်းဖြည်းလေး စည်းချက်ကျကျ ရွှေ့မိနေသည်။

ထို့နောက် ဝိုင်ခွက်ကို ချထားလိုက်ပြီး သူငြိမ့်ငြိမ့်လေး စည်းချက်ကျကျ ကနေမိပါသည်။

ဒီအချိန်လေးဟာ သူ့အတွက် အထီးကျန်ပေမယ့် အစစ်အမှန် ဘဝလေးမှာ နေခွင့်ရတဲ့ တန်ဖိုးကြီး အချိန်လေး တစ်ခုပေ့ါ ….။

"Relax … Relax …"

Stress တွေကို ဖြေလျှော့လျက် သူ Relax ဖြစ်အောင် ကြိုးစားနေထိုင်သွားရမှာပဲပေ့ါ …။

ကိုယ်ဟာ လောကဓံကို ကြံ့ကြံ့ခံလာခဲ့တဲ့၊ တာဝန်ယူချင်စိတ် အပြည့်ရှိတဲ့၊ စာနာ ထောက်ထားစိတ်ရှိတဲ့ မိုးမဟာပဲလေ …။

အဲ့ဒီညက မကြာခဏ မြင်မက်လေ့ရှိသော အိပ်မက်တစ်ခုကို သူပြန်မက်ခဲ့သည်။

အိပ်မက်ထဲမှာ သူက ၉ နှစ်အရွယ်လောက်ပဲ ရှိမည်။

သူ့ကိုယ်ပေါ်မှာ မိန်းမဝတ် ဂါဝန်အဟောင်းလေး တစ်ထည်ကို

ဝတ်ဆင်ထားသည်။

အဲဒီ ဂါဝန်ဟာ ဆုံးသွားသော သူ့ညီမလေးရဲ့ ဂါဝန်။

သူ မဝတ်ချင်ပေမယ့် သူ့အဘွားက အတင်းဝတ်ခိုင်းသဖြင့် ဝတ်ထားရသည်။

သူ့အဘွားက သူ့ကို အမေ့ရှေ့သို့ ဆွဲခေါ်သွားသည်။

ပိန်ချုံးကာ မျက်တွင်းဟောက်ပက်ကျနေသော သူ့အမေက ညီမလေးဂါဝန် ဝတ်ထားသော သူ့ကိုမြင်တော့ ချက်ချင်း ထူထောင်လန်းဆန်းလာကာ ...

"သမီး ..."

ဟု လှမ်းခေါ်လိုက်သည်။

"သမီး ... သမီးလေး၊ ငါ့သမီးလေး မသေဘူး၊ တွေ့လား ငါ့သမီးလေး မသေဘူး၊ မသေဘူးဟေ့ ..."

အမေက ဝမ်းသာအားရ အော်ဟစ်ပြောဆိုရင်း သူ့ကို တင်းကြပ်စွာ ကြုံးဖက် ထားလိုက်သဖြင့် အမေ့ရင်ခွင်ထဲမှာ သူ့တစ်ကိုယ်လုံး နာကျင်ကာ အသက်ရှူတွေ ကြပ်လာသည်။

ထိုခံစားချက်ကို ခံစားရင်း သူ အိပ်ရာမှ လန့်နိုးလာသည်။

သူ ... ပြန်အိပ်မပျော်တော့ ...။

အိပ်မပျော်သော ဒီလိုညမျိုးမှာ ...

သူ ပြန်မတွေးချင်သော အတိတ်ကို အလည်ပြန်ရောက်လေ့ ရှိပါသည်။

"အမေ ... အမေ့မြေး ဘယ်တော့ပြန်လာမှာလဲ၊ ခုထိ ပြန်မလာသေးဘူးလား၊ ဒီကောင်မလေး အလည်လွန်နေတာလား၊ နေနှင့်ဦး ...

ပြန်လာမှ ဖင်စပ်ကို ခပ်နာနာလေး ရိုက်ပစ်လိုက်ဦးမယ် ...”

အမေက အဘွားကို မေးလိုက်၊ သူ့ဘာသာ ရေရွတ်ညည်းညူပြောဆိုလိုက်၊ အိမ်ရှေ့ကို ထွက်ထွက်မျှော်လိုက် လုပ်နေတာကို အဘွားက စိတ်မသက်သာစွာ ကြည့်နေပြီးမှ တစ်ဖက်သို့ လှည့်၍ မျက်ရည်သုတ်သည်။

အမေက အိမ်ရှေ့ထွက်မျှော်ရာက အဘွားရှေ့သို့ အပြေးကလေး ပြန်ရောက်လာကာ အဘွားလက်မောင်းကို ကိုင်ကိုင်လှုပ်လိုက်ရင်း ...

“အမေ့ ... အမေ့မြေးက ဘယ်တော့ ပြန်လာမှာလဲဆို”

“ပြန်လာမှာပေါ့ကွယ်၊ ပြန်လာမှာပေါ့ ...”

“ဘယ်တော့လဲဆို ...”

“မကြာပါဘူး”

“မကြာပါဘူးဆိုတာ ဘယ်တော့လဲဆို ...”

“ကဲ ... မနက်ဖြန်ပဲ၊ မနက်ဖြန် ...”

“ဟင် ... ပြောပြန်ပြီ ဒီမနက်ဖြန်၊ မနက်ဖြန် ... မနက်ဖြန် ... မနက်ဖြန်...၊ မနက်ဖြန် ရောက်တော့လည်း နောက်တစ်ခါ မနက်ဖြန်၊ အမေ့ မနက်ဖြန်ကလည်း ရောက်ကိုမရောက် နိုင်တော့ဘူး၊ မနက်ဖြန်ထိ မစောင့်နိုင်တော့ဘူး၊ သမီးကိုခုပဲတွေ့ချင်တယ်၊ ခေါ်ပေး ၊ ခုခေါ်ပေး...”

“ခက်တော့တာပဲဟယ် ...”

“ဘာ ခက်တာလဲ၊ ဘာခက်တာလဲ၊ ကိုယ့်သမီးကို တွေ့ဖို့ ဘာခက်စရာ ရှိလဲ၊ အမေ ခုခေါ်ပေးမလား မခေါ်ပေးဘူးလား”

“နင့်သမီးက သေပြီဟဲ့၊ သေပြီ ...”

“ဟင် ... သေပြီ၊ အီး ...ဟီး ...ဟီး ... ဟုတ်လည်း မဟုတ်ဘဲနဲ့

အမေညာပြောတယ်၊ အီး ...ဟီး. ... ခေါ်ပေး၊ ခု ခေါ်ပေး ...”

“ငါ့နှယ် ... သေသာသေလိုက်ချင်တော့တာပဲဟယ်”

ညီမလေး အဖျားကြီးပြီး ဆုံးသွားကတည်းက အမေနဲ့ အဘွားနဲ့ ဒီလိုစကားတွေကို သူနေ့တိုင်းကြားခဲ့ရသည်။

စိတ်မမှန်တော့သည့် အမေဟာ ညီမလေး သေပြီဆိုတာကို လုံးဝ လက်မခံဘဲ အဘွားကို နေ့တိုင်း ပူဆာသည်။ အော်ဟစ် ငိုယို သောင်းကျန်းသည်။

အမေ့ဒဏ်ကို မခံနိုင်တော့သည့် အဘွားက တစ်နေ့မှာ သူ့ကိုခေါ်ကာ ညီမလေး ဝတ်ခဲ့သည့် ဂါဝန်ကို ကိုင်ထားရင်းက ...

“မြေးရယ် ... မင်းရုပ်က မင်းညီမလေးနဲ့ သိပ်တူတာ၊ ဒီဂါဝင်လေး ဝတ်လိုက်ရင် မင်း ညီမလေးနဲ့ သိပ်တူတာ၊ ဒါလေး ဝတ်ပြီး မင်းအမေဆီ သွားလိုက်ပါကွယ်၊ သူနည်းနည်းပါးပါး စိတ်သက်သာလို သက်သာငြားပေါ့”

အဘွားက သူ့ဘောင်းဘီတိုလေးနှင့် ရှပ်အင်္ကျီကို ချွတ်ခိုင်းပြီး ညီမလေး၏ ဂါဝန်ကို ဝတ်ပေး လိုက်သည်။

ထို့နောက် သူ့ကို အမေ့ရှေ့သို့ တွန်းပို့လိုက်ပြီး ...

“ဟဲ့ ... နွဲ့ရီ၊ ဒီမှာ နင့်သမီး ပြန်လာပြီ”

“ဟင် ...သမီး၊ သမီးလေး ...”

အမေက သူ့ကိုမလွှတ်တမ်း ဖက်ထားလိုက်သည်။ သူ့စိတ်ထဲကနေ ...

“သားပါ အမေ၊ အမေ့သားပါ ၊ အမေ့သမီး မဟုတ်ပါဘူး”

ဟု ငြင်းဆန်နေပေမယ့် အမေ့ကို သနားကာ နှုတ်ပိတ်နေခဲ့ရသည်။

အဲ့ဒီနောက် အမေ ထူထောင်သက်သာလာသည်။ အစားကောင်းကောင်း စားလာသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လာသည်။

အမေ ဒီလိုနေကောင်းလာဖို့ အတွက် သူ့မှာတော့ ဂါဝန်ကလေးဖြင့် နေနေရသည်။ အမေက သမီးဟု ခေါ်တိုင်း "ရှင်" ဟုထူးရသည်။

သူ ဒီလို မနေချင်ပေမယ့် အဘွားက သူ့ကို နားချသည်။

"မြေးရယ် မင်းအမေကို သနားရင် ဒီလိုလေးဘဲ နေပေးပါကွယ်၊ မင်းအမေက ခုနေ သူ့မျက်စိအောက်က သူ့သမီး ပြန်ပျောက်သွားရင် သွက်သွက်ခါ ရူးသွားတော့မှာကွယ့်"

သူ ကျောင်းလည်း ထွက်လိုက်ရသည်။ တစ်နေ့ တစ်နေ့ အမေက သူ့ကို သနပ်ခါး လိမ်းပေးသည်။ နှုတ်ခမ်းနီ ဆိုးပေးသည်။ ခေါင်းဖြီးပေးသည်။ အမေ ဒီလိုလုပ်ပေးတိုင်း သူ အော်ငိုချင်သည်။ အမေ့ရှေ့မှာ နေပြီး သမီးအခေါ် မခံရရင်ပြီးရော၊ "ရှင်" မထူးရရင်ပြီးရော တစ်နေရာရာကို ထွက်ပြီး အလုပ်လုပ်ချင်သည်။

ထိုအချိန်မှာ သူတို့ နယ်မြို့လေးက သူတို့လမ်းထဲမှာ အလှပြင်ဆိုင် တစ်ခု ဖွင့်လိုက်သည်။

ရန်ကုန်က နာမည်ကြီး မိတ်ကပ်ဆရာမ မိုးဒေဝီဆီကနေ သင်တန်းဆင်းလာသည် ဟုဆိုသော ထိုဆိုင်မှာ အလုပ်လုပ်ဖို့ အဘွားက တိုက်တွန်းသည်။

"မြေးရယ် … ခုဆိုရင် အဘွားက လူမကျန်းမာဘူး၊ မင်းအမေက စိတ်မကျန်းမာဘူး၊ အိမ်မှာ ဝင်ငွေလည်း မရှိဘူး၊ သွဲ့တို့ ဆိုင်မှာလည်း လူလိုနေတာတဲ့၊ သူ့ဆိုင်က အမျိုးသမီး သီးသန့်ဆိုင်ဆိုတော့ ယောကျ်ားလေး လုပ်လို့တော့မရဘူးပေ့ါ၊ မင်း ဒီလိုပုံနဲ့ ဆိုရင်တော့လည်း လုပ်လို့ရမှာပေ့ါ …အဲဒီ မှာ ခဏတဖြုတ်သွားလုပ်ရင် မင်းအမေဆီကနေ လွတ်မြောက်ခွင့်တော့ ရတာ ပေ့ါကွယ်၊ နို့မို့ဆို မင်းအမေက တစ်နေ့ တစ်နေ့ မင်းကိုပဲထိုင်ကြည့်နေတော့ အနေကျဉ်းကြပ်ရတယ် မဟုတ်လား၊ ယောကျ်ားလေးလိုဝတ်ပြီး

အလုပ်လုပ်ပြန်တော့လည်း သူက မြေးဆီလိုက်လာကြည့်ရင် သိသွားဦးမှာလေ…”

ဒီလိုနဲ့ သူဟာ ဂါဝန်ကလေးဝတ်ကာ အလှပြင်ဆိုင်မှာ အလုပ်ဝင်လုပ်ရသည်။ သူ အလုပ်လုပ်နေတုန်း အမေလိုက်လာရင် အမေ့ကို နှစ်သိမ့်စကား ပြောဆို ပြန်လွှတ်ရသည်။

သူ့ဘဝကို ဒီလိုဖြတ်သန်းနေဆဲမှာ အဘွားဆုံးသွားခဲ့သည်။

အဘွားဆုံးပြီး ဖလ အကြာမှာ အမေက သူရှိရာဆိုင်သို့ လိုက်လာရင်း လမ်းမှာ ကားတိုက်ခံရပြီး ဆုံးသွားခဲ့သည်။

ဒီလိုနဲ့ အလှပြင်ဆိုင်မှာ သူသောင်တင် ကျန်နေခဲ့သည်။

သူ ယောက်ျားလေးလို ပြန်နေခွင့်ရဖို့ ကြံစည်ဆဲမှာပဲ သူတို့မြို့လေးက မြို့မျက်နှာဖုံး သူဌေးသမီးရဲ့ မင်္ဂလာဆောင်မှာ သတို့သမီးကို ပြင်ဖို့ ရန်ကုန်က နာမည်ကြီး မိတ်ကပ်ဆရာမ မိုးဒေဝီ ရောက်လာခဲ့သည်။

ထို မိုးဒေဝီက အခြောက်ဆိုသော်လည်း လုပ်ငန်းအောင်မြင်၊ ငွေကြေးပြည့်စုံသူမို့ ဝတ်တာ စားတာက အစ အဆင့်အတန်းမြင့်သည်။ စီးလာသည့် ကားကလည်း အကောင်းစားပင်။

အလှပြင်ဆိုင်ပိုင်ရှင် သွဲ့က မိုးဒေဝီနဲ့ သွားတွေ့တော့ သူ့ကို ခေါ်သွားသည်။ သူ့အကြောင်း ပြောပြတော့ မိုးဒေဝီက သူ့ကို သနားကြင်နာစွာကြည့်သည်။

အဲဒီ နောက် မိုးဒေဝီ ရန်ကုန်ပြန်တော့ သူလိုက်ပါသွား ခဲ့ရသည်။

နောက်တစ်ချိန်မှာ သူ့ မွေးစားအမေ ဖြစ်လာမည့် မိုးဒေဝီကို သူ တစ်ခုတော့ တောင်းဆို မိသည်။

“ကျွန်တော် ယောက်ျားလိုပဲ နေချင်တယ်၊ ယောက်ျားလိုပဲ ဝတ်ချင်တယ် …”

“နေရမှာပေ့ါ သားရယ်၊ ခုလောလောဆယ်တော့ ဒီပတ်ဝန်းကျင်မှာ မင်းယောက်ျားလေး သွင်ပြင်နဲ့ အမြဲနေဖို့ အဆင်မပြေဘူး၊ အချိန်ခဏစောင့်ပါ၊ မင်းအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါ့မယ်”

ထိုအတောအတွင်း ကာလတွေမှာ သူ့မွေးစားအမေရဲ့ မိုးနတ်မယ်ဂရုကြီးနှင့်အတူ မိန်းကလေးသွင်ပြင်ဖြင့် နေထိုင်ရင်း အလှအပ ရေးရာတွေကို သင်ယူခဲ့ရသည်။

အဲ့ဒီနောက် သူ့ကို တဖြည်းဖြည်း သံယောဇဉ် တွယ်လာသော မွေးစားအမေက သူ့ကို ဘော်ဒါဆောင်သို့ ပို့ပြီးကျောင်းဆက်ထားပေးခဲ့သည်။ ယောက်ျားလို နေခွင့်ရပြီမို့ အမေ့ကို သူပြောမပြတတ်အောင် ကျေးဇူးတင်ခဲ့ရသည်။

သူ ဆယ်တန်းအောင်တော့ အမေက သူ့ကို စင်ကာပူသို့ ပို့ပေးခဲ့ပြီး ဒီဖိုင်းပညာ သင်ကြားစေခဲ့သည်။

အမေဟာ သူ့ကို သားတစ်ယောက်လိုပင် တွယ်တာခဲ့သည်။ ပျိုးထောင်ခဲ့သည်။ အမေ့ ကျေးဇူးတွေ သူ့မှာ ရှိခဲ့သည်။

အမေ ကင်ဆာရောဂါဖြင့် အိပ်ယာထဲ လဲနေချိန်မှာ သူ့ဘဝက တစ်ဆစ်ချိုး ပြောင်းခဲ့သည်။

စင်ကာပူမှာ ဆေးလာကုသော အမေက သူ့ကို မေတ္တာရပ်ခံ ခဲ့သည်။

“အမေ့ အလုပ်နဲ့ အမေ့ တပည့်တွေကို စိတ်မချတာနဲ့ပဲ အမေလည်း အသေဖြောင့်မယ် မထင်ဘူး သားရယ်၊ ခိုကိုးစရာ တစ်နေရာမှ မရှိရင် အမေတို့လို လူတွေဟာ အတိတ်ဘဝ ကုသိုလ်ကံကြောင့် ဘယ်သူမှ မရချင်တဲ့ ဒီလိုဘဝမျိုးကို ရခဲ့တယ် …”

“ပြည့်စုံတဲ့ မိဘ အုပ်ထိန်းမှုအောက်မှာ နေခွင့်ရတဲ့ မိရိုးဖလာ အခြောက်ဘဝတွေက တော့ တော်ရုံနဲ့ ဘဝ မပျက်ဘူးပေ့ါ …၊ အခြေတကျ မရှိတဲ့

အခြောက်တွေမှာတော့ ယောက်ျားရင့်မကြီးတွေက ဖျက်ဆီးလို့ ဖြစ်စေ၊ သူတို့ အသက်မွေးမှု အတွက် ဖြစ်စေ၊ ဆုံးမ ပဲ့ပြင် ထိန်းကွပ်မယ့်သူ မရှိတဲ့ အတွက် ဗီဇကို မထိန်းနိုင်လို့ ဖြစ်စေ ပျက်စီး တတ်ကြတယ်၊ နိမ့်ကျတဲ့ ဘဝနဲ့ သူများ အထင်သေးခံ၊ အစော်ကားခံ ဘဝမျိုးမှာ နေကြရတယ်၊ ရောဂါတွေ ရကြတယ် ...”

“အမေကတော့ အမေ့ကို အားကိုးနေတဲ့ ဒီတပည့်တွေကို ဘဝမပျက်စေချင်ဘူး၊ သူတို့ အတွင်းရေး ဘယ်လိုပဲရှိရှိ အသက်မွေးဝမ်းကျောင်း ခိုင်ခိုင်မာမာနဲ့ တည်တည်ငြိမ်ငြိမ်လေး ရပ်သွားစေချင်တယ် ...”

“အမေ မရှိလို့ ဒီလုပ်ငန်းကြီး ပျက်စီးသွားရင် အမေ့ကို အားကိုးနေကြတဲ့ သူတွေလည်း ထင်းစည်းပြေသလို ဖြစ်ပြီး တစ်ယောက်တစ်နေရာ လွင့်ကြမှာပဲ၊ ခုက အမေက အုပ်မိုးပေး ထားလို့သာ သူတို့ အဆင်ပြေကြတာ သူတို့ကို လူတွေက မလေးမစား မလုပ်ရဲတာ ...”

“အဲဒီ တော့ သားရယ် ... အမေသေရင် မင်း အမေ့လိုသွင်ပြင်မျိုးနဲ့ အမေ့လုပ်ငန်းကို ခဏပဲဖြစ်ဖြစ် ဦးစီးပေးပါ၊ မင်း ဘယ်လိုမှ သည်းမခံနိုင်တဲ့ အဆုံးကျရင်တော့ အမေ့ ပိုင်ဆိုင်မှုအားလုံးကို ရောင်းချခဲ့ပြီး စင်ကာပူမှာဘဲ လာအခြေချ နေထိုင်လိုက်ပါတော့ ...”

ဒီလိုဆန္ဒရှိခဲ့တဲ့ အမေဟာ မြန်မာပြည် ပြန်သွားပြီး မကြာခင်မှာ ဆုံးပါးသွားခဲ့ပါသည်။

အဲဒီ နောက်တော့ အများက “မယ်” ဟုခေါ်သော မိုးနတ်မယ်ဟု အများက သိထားသော အလှ ဖန်တီးရှင် တစ်ယောက် ပေါ်ပေါက်လာခဲ့ ရပါသည်။

သူ့ငယ်နာမည်က မိုးအောင် ...။ အမေက သူ့နာမည်တစ်လုံး ပါနေတာကို အလွန်သဘော ကျခဲ့သည်။ သူ့ နာမည်ကို “မိုးမဟာ” ဟုပြောင်းပေးသွားခဲ့ သဖြင့် မိုးမဟာဆိုသော ယောက်ျား တစ်ယောက် ဘဝဖြင့် အဆင့်အတန်းမြင့်မြင့် တင့်တင့်တယ်တယ် နေထိုင်ခွင့်ရခဲ့သည်။

သူ့ဆန္ဒကို ဖြည့်ပေးခဲ့သော အမေ့အတွက် ခုတော့ အမေ့ဆန္ဒကို သူဖြည့်ရပေမည်။

ပထမတော့ တစ်ခဏဟုပဲ ရည်ရွယ်ကာ စင်ကာပူကနေ သူပြန်လာခဲ့တာပင်။ မိန်းမ အသွင်ဖြင့် နေထိုင်စဉ်ခဏမှာ အလှအပဆိုင်ရာ စာအုပ်အမျိုးမျိုးကို ဖတ်ရှုလေ့လာရင်း မိတ်ကပ်လိမ်းသည့် ပညာကို တတ်မှန်းမသိ တတ်၊ ကျွမ်းကျင်မှန်းမသိ ကျွမ်းကျင်လာခဲ့သည်။ ဒီလိုနဲ့ သူဟာ တဖြည်းဖြည်း နာမည်ကြီး လာခဲ့ကာ နေရာ တစ်နေရာ အခိုင်အမာ ရလာခဲ့သည်။

ဒီအုပ်စုကြီးကိုလည်း သူ့အရှိန်အဝါဖြင့် အရိပ်လို မိုးပေးနိုင်ခဲ့သည်။

ခုချိန်မှာတော့ သူဟာ ဒီအလုပ်ထဲမှာ ကျွံနစ်ခဲ့ရပြီဟု ဆိုနိုင်သည်။

သူ့ဘ၀ အစစ်ကို ရချင်ရင်တော့ စင်ကာပူကို သွားရသည်။

ဟိုမှာ သူပိုင်တိုက်ခန်းတစ်ခု ရှိသည်။ သူ့ဘ၀ သူ့အကြောင်းကို ခရေစေ့တွင်းကျ သိသော် လည်း သူ့ကို နားလည်စွာ ခင်မင်သော သူငယ်ချင်း ထက်လူနှင့် သူ့မိတ်ဆွေ နိုင်ငံခြားသား တွေလည်း ရှိသည်။

စင်ကာပူမှာ နေချိန်မှာတော့ သူ့ယောကျ်ားဘ၀ဟာ တကယ့်ကို အပြည့်အ၀ ...။

ထက်လူနှင့်အတူ ဆန်တိုဆာသွား၊ လေ၀ဂရှု၊ တစ်ခါတစ်ခါ နိုက်ကလပ်တက် ...။ ရှော့ပင်ထွက် ...။ အဲ့ဒီလိုအချိန်တွေမှာတော့ သူ့ဘ၀ရဲ့ မွန်းကြပ်မှုတွေအားလုံး ပျောက်ဆုံး နေတတ်သည်။

ရန်ကုန်ပြန်ရောက်ရင်တော့ ...

သူဟာ မိုးနတ်မယ် ဆိုတဲ့ အလှဖန်တီးရှင် Gay တစ်ယောက်ပေါ့ ...။

“ညီမလေးလို အလာဂျီဖြစ်တတ်တဲ့ မျက်နှာမျိုးတွေ မမမယ် လိမ်းဖူးပါတယ် ညီမလေးရဲ့၊ ဘာမှ စိတ်မပူနဲ့ ၊ မစိုးရိမ်နဲ့နော်၊ မင်္ဂလာဆောင်မှာ

သတို့သမီးတစ်ယောက် လှနေဖို့ဆိုတာ မမမယ်တို့ အလှဖန်တီးရှင်တွေ လိမ်းခြယ်ပေးတဲ့ မိတ်ကပ်က အရေးကြီးသလို သတို့သမီးရဲ့ စိတ်ကလည်း အရေးကြီးတယ် ညီမလေးရဲ့ ...၊ ရှက်သွေးရွှန်းအိပြီး ကြည်နူးပီတိဖြာနေတဲ့ သတို့သမီးရဲ့စိတ်ကြောင့် လှတာက တစ်ဝက်၊ မိတ်ကပ်ကောင်းတာက တစ်ဝက်၊ ငါးဆယ်၊ ငါးဆယ် စီပဲ၊ မိတ်ကပ် တစ်ခုတည်း ကောင်းရုံနဲ့တော့ အလှက မပြည့်စုံဘူး၊ မင်္ဂလာပွဲနေ့မှာ ညီမလေး ပျော်နေရင်၊ စိုးရိမ်သောကမှု မရှိရင် ၅၀ ရာခိုင်နှုန်း လှနေပြီးသားပဲ ...”

တာတာသည် ကိုယ့်ကို အေးအေးဆေးဆေး ရှင်းပြနေသော မိုးနတ်မယ်ကိုကြည့်ရင်း၊ စိတ်ထဲမှာ သဘောကျ တတလေး ဖြစ်လာရပါသည်။

“ညီမလေး စိတ်အေးရအောင် မမယ်သုံးမယ့် မိတ်ကပ်ပစ္စည်းတွေကိုလည်း ပြပေးမယ်နော်၊ အယဉ်ရေ ... မိတ်ကပ်ဘောက်စ် ယူခဲ့ပေးပါ ...”

“ဟုတ် ... မယ်မယ်”

အယဉ်က မိတ်ကပ်ဘောက်စ်ကို သွားယူလာသည်။ မိုးနတ်မယ်က ဘောက်စစ်ကိုဖွင့်ကာ ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ထုတ်ပြရင်း ...

“ဒီမှာ ညီမလေး ... အောက်ခံဖောင်ဒေးရှင်းအတွက် USL Hydra Feel ကို မမယ် သုံးမယ်၊ သူက Compact အမျိုးအစားဆိုတော့ အသားထဲကို စိမ့်ဝင်ပြီး တာရှည်ခံတယ်၊ လိုအပ်ရင် ကွန်ဆီလာ ထပ်လိမ်းပေးမယ်၊ ဒါပေမယ့် ညီမလေး မျက်နှာက မျက်ကွင်းတွေ မည်းနေတာ၊ အပြစ်အနာအဆာ အဖုအပိမ့်တွေ ရှိနေတာ မဟုတ်တော့ ကွန်ဆီလာ မလိုဘူး၊ ကွန်ဆီလာ လိမ်းပြီး ပေါင်ဒါဖို့ရင် ဓါတ်ပုံရိုက်တဲ့အခါ မျက်လုံးအောက်မှာ အဖြူစင်း ထင်နေတတ်တယ် ညီမလေးရဲ့ ...”

“ဒီမှာကြည့် ... ဒါလေးက Lancome အိုင်းရဲဒိုး၊ သူက Water Proof

ဆိုတော့ ရေဆိုခံတယ်၊ ညီမလေး ချွေးထွက်လည်း မပျက်လွယ်ဘူး၊ ကွက်တာတွေ ဘာတွေလည်း မဖြစ်ဘူး၊ ညီမလေး မျက်လုံးက ကိုရီးယား မင်းသမီးလေးတွေလိုပဲ မျက်ဝန်းအိမ် မကြီးဘူး၊ မျက်ခွံလေးကလည်း မို့မို့လေး ဆိုတော့ အပေါ်မျက်ရစ်လိုင်းကို ထူထူလေး ဆွဲပေးလိုက်ရင် မျက်လုံးက ပိုထင်ရှားလာမှာ ....”

“နှုတ်ခမ်းနီကတော့ Estee Lauder က ထုတ်တဲ့ Double Wear ဆိုတဲ့ နှင်းဆီရောင် ကလေး ညီမလေးက ပန်းရောင်လေး ဝတ်မယ်ဆိုရင်ပေါ့...၊ ပြီးတော့ ဒါက ...”

“အင်း ... ရပါပြီ မမမယ်၊ တာတာ့ကို အသေးစိတ်ရှင်းပြနေရတာ အားနာလာပါပြီ ...၊ တာတာကလေ ကိုယ့်ကိုကိုယ် အလာဂျီ ဖြစ်တတ်တယ်ဆိုပြီး အရမ်းစိုးရိမ်နေလို့ မမမယ်ကို လျှောက်ပြောထားမိတာပါ၊ ... အဟင်း ... ပြီးတော့ သူများတွေ မိတ်ကပ်အထူကြီး လိမ်းထား တာကို တာတာ ကိုယ်တိုင်က ကဲ့ရဲ့ဖူးတော့ တာတာ့ကျရင် အဲလိုကြီးဖြစ်မှာ ကြောက်လို့ပါ ...”

“မျက်နှာပေါ်မှာ အပြစ်အနာအဆာများရင်သာ မိတ်ကပ်ထူထူနဲ့ ဖုံးပေးဖို့ လိုတာ၊ ညီမလေးမျက်နှာ Skin (အရေပြား) က ပါးပါးလေးနဲ့ ချောမွတ်နေတာ၊ ဘာအနာအဆာမှလည်း မရှိတော့ ပါးပါးပြေပြေလေး လိမ်းရုံနဲ့ လှနေပါပြီ၊ မမယ်လည်း သိပ်အထူကြီး လိမ်းပေးလေ့မရှိပါဘူး၊ ညီမလေးကို ပြတဲ့ မိတ်ကပ်ပစ္စည်းတွေနဲ့ အလာဂျီ ဖြစ်တတ်တဲ့ မိန်းကလေးတွေကို လိမ်းပေးဖူးတာတော့ အဆင်ပြေတယ်၊ ညီမလေးနဲ့လည်း ပြေမယ်လို့ မမယ် ထင်တယ် ...”

“ဟုတ် ... မမယ်၊ ပစ္စည်းတွေကလည်း အကောင်းစားဆိုတော့ တာတာလည်း သိပ်မစိုးရိမ် တော့ပါဘူး၊ မမယ်ကိုလည်း ယုံပါတယ်၊ ဒါပေမယ့် တာတာ အစမ်းတော့ လိမ်းကြည့်ချင်တယ်”

"လိမ်းကြည့်လေ ...၊ ဟိုတစ်နေ့ကတည်းက ညီမလေးက လိမ်းကြည့်ချင်တယ်ဆိုလို့ အချိန်ပေးနိုင်မယ့် နေ့ကို ချိန်းလိုက်တာပါ၊ ဒီနေ့ မမယ် အချိန်ရပါတယ်၊ အင်း ... ဒီလိုလုပ်ပါလား၊ ညီမလေး ဝတ်မယ့်အရောင်ကို အရင်ရွေးလေ၊ ဒါမှ မိတ်ကပ်လိမ်းရင် အဝတ်အစားနဲ့ လိုက်ဖက်အောင် လိမ်းလို့ရမှာ ..."

"တာတာကတော့ ပန်းရောင်လေးပဲ ဝတ်ချင်တာ၊ အိမ်က မေမေနဲ့ ဘွားဘွားကတော့ ရွှေဖလား အရောင် ဝတ်ဖို့ပဲပြောနေကြတာ၊ မမယ်ကော တာတာ့ကို ဘယ်အရောင်နဲ့ လိုက်မယ် ထင်လဲဟင်"

"လူ့အသားအရောင်ဆိုတာ အမျိုးမျိုးရှိတယ် ညီမလေးရဲ့၊ အသားဖြူတယ်၊ ညိုတယ်၊ မည်းတယ် ဆိုတာမျိုးတွေ ရှိတတ်တယ် ဆိုပေမယ့် တချို့ ဖြူတာက ပန်းရောင်ဘက် သမ်းပြီး ဖြူတာ၊ တချို့က အဝါဘက်ကို လုတယ်၊ ညီမလေး အသားဖြူတာက ပန်းရောင်ကလေး သမ်းပြီး ဖြူတာဆိုတော့ ပန်းနုဖျော့ကလေးနဲ့ဆို အရမ်းလိုက်မှာ ..."

"အဟင်း ... ဒါဆို မမယ်နဲ့ တာတာနဲ့ အကြိုက်ချင်းတူ သွားပြီ၊ ဘွားဘွားတို့ကလည်း မမယ်ကလိုက်ဖက်မယ်လို့ ပြောတဲ့အရောင်ဆို ခွင့်ပြုကြမှာ၊ မမယ်က တာတာ့အတွက် တစ်မဲ့ပေ့ါ ... အဟဲ"

တာတာ့ ကလေးဆန်ဆန်အပြောကလေးကြောင့် မိုးနတ်မယ်က ပြုံးလိုက်ရင်း ...

"ဒါနဲ့ ထိုင်မသိမ်းအတွက် ဘယ်လိုစီစဉ်ထားလဲ တာတာ၊ မမယ်က မိတ်ကပ်အတွက် လိုက်ဖက်ညီအောင်သာ မေးရတာ ပါ၊ မမယ်ဆီမှာ မိတ်ကပ်လိမ်းတဲ့အတွက် မမယ်ရဲ့ဝတ်စုံကို ဝတ်ရမယ်ဆိုတာမျိုး မရှိပါဘူး၊ ညီမလေး အပ်ချင်တဲ့ ဆီမှာ အပ်ပါ ..."

"မမယ်ဆီက ဝတ်စုံကိုပဲ တာတာ ဝတ်မှာပါ၊ မေမေပြောလို့

မဂ္ဂဇင်းတွေထဲက မမယ်ရဲ့ ဝတ်စုံတွေကို ကြည့်ထားပါတယ်၊ တာတာ သဘောကျပါတယ်၊ မမယ့်ဆီမှာ အသင့် ရှိနေတဲ့ ထိုင်မသိမ်းထဲကပဲ ရွေးချင်ပါတယ်၊ မမယ်လည်း တာတာနဲ့ လိုက်တာ ကူရွေးပေးနော် ...”

“ရွေးပေးမယ်လေ၊ ဒါနဲ့ ဒီနေ့ အန်တီမပါတော့ တာတာ တစ်ယောက်ကတည်း သဘောနဲ့ ဆုံးဖြတ်လို့ ရပ့ါမလား၊”

“မေမေက ဒီနေ့ကျမှ သွေးတိုးပြီး ခေါင်းမူးနေလို့ သူငယ်ချင်းနဲ့ပဲ လာခဲ့ရတာ မမယ်ရဲ့၊ ဒီနေ့ တာတာ အရင်ရွေးသွားပြီး နောက်တစ်နေ့ကျမှ မေမေ့ကို ခေါ်လာပြရမှာ၊ မမယ် ရွေးပေးရင်တော့ မေမေက လက်ခံမှာပါ၊ မေမေက မမယ်ကို ယုံကြည်ပြီးသားပါ”

“ကောင်းပါပြီ ညီမရယ်၊ ဒါဆို ဟိုဘက်ခန်းထဲမှာ လိုက်ကြည့်နော်၊ အယဉ်ရေ ... ဝတ်စုံ ကြည့်မယ်၊ အသင့်လုပ် ထားပေးပါ”

“ဟုတ် ... မယ်မယ်”

မိုးနတ်မယ်က ထိုင်ရာမှ ထကာ ရှေ့ကနေ ဝင်သွားနှင့်သည်။ တာတာနှင့် အတူပါလာသော သူငယ်ချင်း ဖူးပြည့်က တာတာ့ကို ပခုံးနှင့် တိုက်လိုက်ရင် အသံတိုးတိုးဖြင့် ...

“ငါ သူ့ကို ခုမှ အနီးကပ်မြင်ဖူးတယ်၊ gay လို့ကို မထင်ရဘူးနော် ...”

“မိန်းမအစစ်နဲ့ တူလို့လား ...”

“အဲလိုလည်း မဟုတ်ဘူး၊ ယောကျ်ားက မိန်းမလို ဝတ်ထားမှန်းတော့ သိသာတယ်၊ ဒါပေမယ့် Gay အိုက်တင်တော့ တစ်စက်မှ မရှိဘူးနော်၊ ပြောဆိုဆက်ဆံပုံက သဘောကျစရာ တော့ ကောင်းတယ်၊ မိတ်ကပ်အမျိုးအစားကအစ သေချာ ထုတ်ပြ၊ ရှင်းပြနေတာ သဘောထား ကြီးတဲ့ အမျိုးသမီး အတိုင်းပဲ ...”

“အေး … ငါလည်း သူ့သတင်းကြားတုန်းက နည်းနည်း ရွံ့ ပေမယ့် ခုတော့ ခင်ချင်သလို တောင် ဖြစ်လာပြီ၊ တကယ့်ကို ခင်ချင်စရာကြီးပဲနော်”

“အေးဟ၊ အဲ့ဒါတော့ ဟုတ်တယ်”

တာတာနဲ့ ပြည့်ဖူးက တီးတိုးလေးတွေ ပြောပြီး မိုးနတ်မယ် ဝင်သွားနှင့်သော အခန်းဘက်သို့ လျှောက်လာခဲ့ကြပါသည်။

ဝတ်စုံတွေ စီတန်းတင်ထားသော နေရာနားမှာ ရပ်နေသော မိုးနတ်မယ်က တာတာတို့ကို ပြုံး၍ ကြိုဆိုလိုက်ပြီး …

“ညီမလေး … ဒီမှာ ဒါတွေက ပန်းရောင် ဒီဇိုင်းတွေ၊ ပန်းရောင်မှာလည်း အမျိုးမျိုးရှိတယ်၊ ဒါက ပန်းနုသွေး အဖျော့ကလေး၊ ဒါက ပန်းရောင်၊ ဒါက ပန်းဆီရောင်”

တာတာက မိုးနတ်မယ် လက်နှင့် ထိထိပြနေသော ထိုင်မသိမ်းဝတ်စုံတွေကို ကြည့်ရင်း မိုးနတ်မယ်ရဲ့ လက်ကိုပါ ကြည့်မိသည်။ သွယ်ပျောင်းရှည်လျားတဲ့ လက်ချောင်းတွေက ယောကျ်ား လူရည်သန့် တစ်ယောက်ရဲ့ လက်မျိုး…။ လက်သည်းနီလည်း ဆိုးမထားတာမို့ တိတိညီညီလေး ဖြတ်ထားသော လက်သည်းရဲ့ အရောင်က ကြည်လင် သန့်ရှင်းနေတာကို သတိထားမိသည်။ ဒီနေ့မှာ မိုးနတ်မယ်က လိမ္မော်ရင့်ရောင် လက်စက ရင်ဖုံးလည်ထောင်အင်္ကျီနှင့် ချိပ်လုံချည် လိမ္မော်ရောင်ကို ဝတ်ထားသည်။ ဟိုနေ့ကလို ပုံတော်ဖိနပ်မစီးဘဲ အနက်ရောင် လေဒီရှူးကလေး စီးထားသည်။ အင်္ကျီလက်က တံတောင်ဆစ်ဖုံးရုံလေးအထိပဲ ရှည်တာမို့ ဖြူဝင်းစိမ်းဖန့်သော လက်ဖျံကို မြင်ရသည်။ လက်ဖျံက သိပ်မတုတ်၊ အမွေးအမျှင်လည်း ခပ်ပါးပါးလေးပဲရှိတာမို့ မိန်းမလက်နှင့် ဆင်ဆင်တူနေသည်။

သူဟာ ယောကျ်ားအစစ်ဆိုလည်း တုတ်ခိုင်ထွားကျိုင်းသည့် ယောကျ်ားကြမ်းကြမ်းကြီး ပုံစံမျိုးတော့ မဟုတ်နိုင်။ ကျစ်ကျစ်လစ်လစ်နှင့် မိန်းမချော ချောသော ယောကျ်ားမျိုးသာ ဖြစ်မှာပင် …၊ အာ… တာတာကလည်း

ဘာတွေလျှောက်တွေးမိမှန်း မသိတော့ပါဘူး။

တာတက ကိုယ့်အတွေးနှင့်ကိုယ် ပြုံးစိစိဖြစ်သွားပြီးမှ ဝတ်စုံတွေပေါ်မှာ အာရုံစုစည်း လိုက်သည်။

ကျောက်မျိုးစုံကို ဒီဇိုင်းဖော်ကာ ထိုင်မသိမ်းဝတ်စုံပေါ်မှာ ထိုးထားပုံက အရမ်းလက်ရာ မြောက်ပြီး ဝတ်စုံတိုင်းက တစ်မျိုးစီလှတာမို့ တာတာ အရွေးရခက်နေသည်။

ဒီဝတ်စုံ တစ်စုံ ချုပ်ဖို့ အချိန်အများကြီးပေးရမည်။ ဘွားဘွားနဲ့ မေမေက တာတာ့အတွက် ဝတ်စုံကို အပ်ဝတ်စေချင်ပေမယ့် တာတာကတော့ ဒီဝတ်စုံကို ဒီတစ်ခါပဲဝတ်ပြီး နိုင်ငံခြားလည်း သယ်မသွားချင် ...။ ဘယ်လိုဝတ်စုံမျိုး ချုပ်ရမယ်ဆိုတာလည်း သိပ်ခေါင်းမစားချင်တာမို့ အသင့်ရှိနေတဲ့ ဝတ်စုံကိုပဲ ငှားဝတ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်တာပင် ...။ ငှားခကတောင် သိန်းချီပေးရတာ ဟုတော့ မေမေပြောလို တာတာသိထားသည်။

တာတာက ဝတ်စုံတွေကို စူးစူးစိုက်စိုက်လေး လိုက်ကြည့်၊ ကိုင်ကြည့် လုပ်နေတာကို မိုးနတ်မယ်က စိတ်ရှည်လက်ရှည် ရပ်စောင့်ပေးနေသည်။ တာတာ ဟိုဟာ ယူရမလို၊ ဒီဟာယူရမလို ကိုင်လိုက်၊ ပြန်ချလိုက်၊ ချီတုံချတုံ တွေတွေဝေဝေ ဖြစ်နေတာကို ကြည့်ရင်း မိုးနတ်မယ်က ပြုံးရပါသည်။

ဒီသတို့သမီးလေးက ဘယ်လိုလေးမှန်းမသိ၊ ကိုယ့်ဆီရောက်လာခါစတုန်းက မျက်နှာလေး မှုန်တုန်တုန်နဲ့၊ မိတ်ကပ်လိမ်းဖို့ စိတ်မပါသလို၊ ကိုယ်နဲ့ပဲ စကားမပြောချင်သလိုလို၊ သူ့အမေကပဲ ဦးဆောင်ပြောဆိုနေခဲ့ရတာ ...။

ဒီနေ့ကျမှပဲ စကားလေး သွက်သွက်လက်လက် ကြည်ကြည်လင်လင် ပြောဖော်ရတာ ပင် ...။ စကားပြောကြည့် တော့လည်း ချစ်စရာ၊ သဘောဖြူပုံကလေး ...။ ဒါပေမယ့်လည်း

ပုံစံလေးကတော့ကိုယ့်သဘောကိုယ်ဆောင်မြဲ ထက်မြက်ဝံ့စားပုံကလေး …။ သူတို့သားကတော့ ချစ်မှာပါပဲ …။

ကိုယ်ကတော့ ကိုယ့်ဆီလာမြဲ Customer တွေကို စိတ်ကျေနပ်မှု အပြည့်အဝရအောင် ဝန်ဆောင်မှုပေးမြဲ၊ ကိုယ့်ဆီမှာ လိမ်းရတာ စိတ်ချမ်းသာတယ်ဆိုတဲ့ နာမည်ကို ယူချင်မြဲ…။ ဒါပေမယ့် သူမကိုတော့ သူများထက်ပိုပြီး စိတ်ရှည်ရှည်လေး အချိန်ပေးမိတာတော့ အမှန်ပင်။

သူမက ရွေးချယ်လို့ မပြီးနိုင်ပေမယ့် သူကတော့ သူမအတွက် ပန်းနုသွေးကလေးကို ရွေးချယ် ထားနှင့်သည်။

“တာတာ ဒီပန်းနုသွေးကလေးကြိုက်တယ် မမယ်”

တာတာ ရွေးချယ်ပေးလိုက်တော့ မိုးနတ်မယ်က ပြုံးလိုက်ရင်း …

“မမယ်လည်း ညီမလေးကို ဒီအရောင်လေးနဲ့ အလိုက်ဆုံးလို့ဘဲ မြင်နေမိတာ …”

“အဟင်း … မမယ်နဲ့ တာတာ နဲ့က အကြိုက်ချင်းတူတယ်နော်၊ ဒါလေးက ကျောက်ထိုး ထားတဲ့ ဒီဇိုင်းလည်း အရမ်းဆန်းပြီး လှတယ်နော် မမယ်”

“ဟုတ်တယ် …ဒါလေးက မနေ့ကမှ အားလုံးပြီးသွားတာ၊ ဘယ်သူမှတောင် မဝတ်ရ သေးဘူး၊ ဒီဇိုင်းလည်း အသစ်ဘဲ၊ တာတာ ပထမဆုံး ဝတ်ရမှာ၊ ဒီဝတ်စုံနဲ့ လုက်မယ့် သတို့သား တောင်ရှည်နဲ့ တိုက်ပုံလည်း ဆိုက် အစုံရှိတယ်”

“သတို့သား ဝတ်စုံကတော့ သူလာမှပဲ သူ့ကိုခေါ်လာပြီး ရွေးတော့မယ် မမယ်”

“ကောင်းပါပြီ ညီမရယ်၊ ဒါဆို မိတ်ကပ်လိမ်းရအောင် ဟိုဘက်အခန်းကို သွားလိုက်ပါနော်၊ မမယ် သေချာလက်သန့်စင်ပြီးရင် လာခဲ့ပါ့မယ်”

တာတာနှင့် ပြည့်ဖူးက မိုးနတ်မယ် ညွှန်ပြသည့် မိတ်ကပ်လိမ်းသည့် အခန်းဘက်သို့ လျှောက်လာခဲ့ကြပါသည်။

နှစ်ယောက်သား အခန်းထဲက ဆိုဖာတွေပေါ်မှာ ထိုင်မိပြီး မကြာခင် အယဉ်က အအေးဗန်း ကလေး မ၍ အခန်းထဲသို့ ဝင်လာကာ…

"မမတို့ … အိုက်စ် ကော်ဖီ အေးအေးလေး သုံးဆောင်ကြပါဦးနော်"

ဟုပြောရင်း တာတာတို့ရှေ့မှာ အအေးခွက်တွေ ချပေးလိုက်သည်။ ပြည့်ဖူးက အယဉ့်ကို ပြုံးကြည့်ရင်း …

"အယဉ် … မင်္ဂလာဝတ်စုံ ဒီဇိုင်းတွေက အရမ်းလှတာပဲနော်၊ အယဉ်တို့ မမယ်ကိုယ်တိုင် ဒီဇိုင်းဆွဲတာလား"

"ဟုတ်ကဲ့ … မမ၊ အယဉ်တို့ မယ်မယ်က နိုင်ငံခြားမှာ ဒီဇိုင်ပညာလည်း သွားသင်ထားတာ၊ မိတ်ကပ် ပညာဆိုလည်း တစ်ဖက်ကမ်းပဲ၊ ရွှံ့ကို ရွှေဖြစ်အောင် လုပ်တတ်တယ်လို့တောင် နာမည် ကြီးတာ၊ ဘီလူးမလောက် အရုပ်ဆိုးရင်တောင် လာခဲ့၊ မယ်မယ့်လက်နဲ့ ထိလိုက်ရင် ရွှေမင်းသမီး လေး ဖြစ်သွားမှာ သိလား …၊ မမတို့လို ချောတဲ့ သူမျိုးကတော့ ဘာပြောကောင်းမလဲ၊ နဂို အရမ်းရှိတော့ နဂိုင်း အရမ်းထွက်ပြီး အလှပေါ် အယဉ်ဆင့်ပြီး နတ်သမီးလေးလို လှသွားဦးမှာ …"

"အဟင်း …. ဟင်း … မယ်မယ် ဘယ်လောက်တော်တယ် ဆိုတာ ပြောရရင် မိုးသာလင်းသွားမယ်၊ တစ်ညလုံးပြောတောင် မပြီးဘူးသိလား၊ မယ်မယ်က တကယ့်ကို ပြိုင်စံရှား၊ အယဉ်တို့ရဲ့ ဆရာသမား"

"ဟုတ်ပါပြီ … ဟုတ်ပါပြီ"

"ဟော … မယ်မယ် လာပြီ"

အခန်းထဲသို့ မိုးနတ်မယ် ဝင်လာတာမို့ အယဉ့် ပါးစပ်ပိတ်သွားရတာ ပင်။

အယဉ်က မိုးနတ်မယ် အဆင်သင့်လိမ်းဖို့ မိတ်ကပ်ပစ္စည်းတွေနှင့် ရေမြုပ်အမာ၊ အပျော့၊ အထူ၊ အပါး၊ ဘရပ်ရှ် အရွယ်အစား စုံစုံကို အသင့်ချပြင်ပေးထားရင်း ...

"မယ်မယ် ... ဖောင်ဒေးရှင်း အယဉ်လိမ်းရမလား"

"နေပစေ အယဉ်၊ မယ်မယ်ပဲ လိမ်းလိုက်ပါ့မယ်"

မိုးနတ်မယ်ကတော့ တာတာ့နဖူးဆံစလေးကို ဘဲနှုတ်သီးကလစ်ဖြင့် ပင့်သိမ်း၍ ညှပ်လိုက်ပြီးနောက် မျက်နှာသန့်စင်ရေကို ရေမြုပ်ဖြင့်တို့ကာ မျက်နှာကို သေချာပွတ်၍ သန့်စင်လိုက်ပြီးနောက် ဖောင်ဒေးရှင်း စလိမ်းသည်။

တာတာတတော့ ခုချိန်ထိ သူများလက်ထဲကို ကိုယ့်မျက်နှာ ထိုးအပ်ပြီး မိတ်ကပ်လိမ်းတာ မခံခဲ့ဖူးသူမို့ တာတာ့ မျက်နှာပေါ်မှာ မိုးနတ်မယ်ရဲ့ လက်တွေ လှုပ်ရှားနေတာကို စိတ်ထဲ ကျလိကျလိနှင့် အသည်းယားကာ ချွေးတွေပြန်လာပါသည်။

"ဟင် ... ချွေးတွေ ထွက်လာပါလား၊ အရမ်းအိုက်နေလို့လားဟင် ညီမလေး ..."

"ဟို ... ဟိုလေ တာတာ၊ မနေတတ်လို့"

"တစ်ခါမှ သူများလိမ်းတာ မခံဖူးဘူးလား"

"ဟုတ်၊ တာတာ့ မျက်နှာကို သူများကိုင်ရင် တာတာ မနေတတ်ဘူး"

"သြော် ... ဖြစ်ရလေ၊ စိတ်ကို တအားတင်းမထားနဲ့လေ၊ ကိုယ့်စိတ်ကို ကိုယ်ဖြေလျှော့ပြီး သက်တောင့်သက်သာလေး ဖြစ်အောင်နေနော်၊ အသက်ကို ဝဝရှူ၊ Relax ... Relax"

မိုးနတ်မယ်က လက်ကလေးနှစ်ဖက်ကို မြှောက်လိုက် ချလိုက်ဖြင့် အသက်ရှူလေ့ကျင့်ခန်း ထရိုန်နင် ပေးသလို သူပါ တာတာနှင့် အတူရောရော၍

အသက်ရှူသွင်း ရှူထုတ် လုပ်နေပါသည်။

“ဟုတ်ပြီ … အသက်ကို ရှူသွင်းမယ်၊ အိုကေ …ရှူထုတ်လိုက်တော့၊ စိတ်ဖြော့ထားမယ်၊ အိုကေ … Relax ပါ”

တာတာမှာ မိုးနတ်မယ်နှင့်အတူ အသက်ရှူ လေ့ကျင့်ခန်းလုပ်ရင်း စိတ်ပျော့ပျောင်း သက်သာလာပါသည်။

“ဘယ်လိုလည်း … အဆင်ပြေလာပြီ မဟုတ်လား ညီမလေး”

“ဟုတ်ကဲ့ …၊ နည်းနည်းတော့ သက်သာလာပါပြီ”

“အယဉ်ရေ … ဒီမမ မျက်နှာပေါ်က ချွေးတွေကို တို့ပတ်လေးနဲ့ စောင့်တို့ပေးနော် …”

“ဟုတ် … မယ်မယ်”

အယဉ်က တို့ပတ်လေး အသင့်ကိုင်ကာ တာတာ့ အနားမှာ ရပ်နေရသည်။ ချွေးနည်းနည်း စို့လာလိုက် တို့ပတ်နှင့် တို့လိုက်နှင့် အယဥ့်ခမျာ အားကိုမအားရ။ ကျော့နှင့် နွဲ့ကလည်း လိုတာ ရှိရင်ကူဖို့ အခန်းထဲသို့ ဝင်လာကာ အဲကွန်းကို ပိုအေးအောင် ရီမုတ်ဖြင့် နှိပ်သူကနှိပ်၊ အနားမှာ ကပ်၍ ယပ်ခတ်သူက ခတ်ဖြင့် တာတာ့နားမှာ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်နေကြပါသည်။

ပြည့်ဖူးကတော့ တာတာ့ကို ကြည့်ကာ နှာခေါင်း ရှုံ့လိုက်ရင်း …

“ငါသာဆိုရင်တော့ နင့် မိတ်ကပ်လိမ်းမယ့်အစား ကျားပဲ ပြေးဖမ်းလိုက်မယ်”

ဟု ပြောလိုက်ပါသည်။ မိုးနတ်မယ်က မိတ်ကပ်လိမ်းနေရင်းက ပြည့်ဖူးစကားကို ပြုံးလိုက်ရင်း …

“ဒါက ဒီလိုရှိတယ် ညီမလေးရဲ့၊ တာတာက မိတ်ကပ်လိမ်းကျင့် မရှိတာရယ်၊ သူ့မျက်နှာက အလာဂျီ ဖြစ်တတ်တော့ အဲ့ဒါကိုတွေးပြီး

စိုးရိမ်နေတာရယ်၊ ပြီးတော့ မိတ်ကပ်လိမ်းတဲ့ မမယ်ရဲ့ မရင်းနှီးတာကြောင့်ရယ် tension (တင်းအား) တွေများပြီး စိတ်အာရုံ ပျော့ပျော့ပျောင်းပျောင်း မဖြစ်သေးလို့ပါ”

“ဟုတ်တယ် … မမရဲ့၊ မယ်မယ်ရဲ့ ရင်းနှီးတဲ့ မော်ဒယ်တွေ၊ မင်းသမီးတွေဆို မယ်မယ်နဲ့ စကားပြောရင် လိမ်းနေကြတာ ပြီးလို့ပြီးသွားမှန်းတောင် မသိဘူးလေ”

“ဒီလိုလုပ်ပါလား … မမတာရဲ့၊ မင်္ဂလာမဆောင်ခင် မယ်မယ့်ဆီ ခဏခဏလာပြီး မယ်မယ်နဲ့ ရင်းနှီးအောင် စကားတွေဘာတွေ ပြောပေါ့ …၊ မယ်မယ်နဲ့ ရင်းနှီးသွားပြီဆိုမှ မင်္ဂလာ နေ့ကျ မိတ်ကပ်လိမ်းရတာ စိတ်သက်တောင့်သက်သာလေး ဖြစ်နေမှာ …”

“အင်း … ဒါလည်း ဟုတ်ပေသားပဲနော်၊ မမယ်နဲ့ တာတာနဲ့ တွေ့ရမှာတွေတော့ ရှိပါသေး တယ်၊ လက်ဝတ်လက်စားကိစ္စ၊ ထိုင်မသိမ်း ဖစ်တင်လုပ်ဖို့ ကိစ္စတွေလည်း ရှိသေးတာ၊ ဒီလိုပဲ လာရင်းနဲ့တော့ ရင်းနှီးသွားမှာပါ”

အယဉ်တို့က ဝိုင်းပြီး အကြံပေးကြ၊ ဖေးမကြ၊ မမယ်ကလည်း သည်းခံကာ ဂရုတစိုက်လေး ရှင်းပြနှင့်မို့ နွေးနွေးထွေးထွေး ဖြစ်လာကာ တာတာလည်း စိတ်သက်သာပေါ့ပါးစ ပြုလာပါသည်။

မယ်မယ်က တာတာ့ပါးပြင်လေးနှင့် ပါးရိုးတစ်လျှောက်ကို လက်ချောင်းကလေးများဖြင့် တို့ကာတို့ကာ ပါးနီလိမ်းပေးနေချိန်မှာတော့ တာတာ့စိတ်ထဲ ဘယ်လိုဖြစ်မှန်းမသိဘဲ ကြက်သီး တွေ ဖြာခနဲ ထလာတာမို့ ပခုံးလေးတောင် ကျုံ့လိုက်မိပါသည်။ ယားကျိယားကျိ ကျလိကျလိနှင့် ဘယ်လိုဖြစ်မှန်းကို မသိ။ တစ်မျိုးကြီးပါပင် …။

တာတာက မျက်လုံးတွေကို မှိတ်ကာ ငြိမ်နေရသည်။ မမယ်ကတော့ အနုစိပ် လိမ်းခြယ် နေရင်းက …

"သတို့သမီးကလေးကို အသားပေးပြီး ပြင်ဆင်သင့်တာက ဟောဒီ ပါးအိုးလေးပဲ တာတာရဲ့၊ ရှက်သွေးဖြာနေသလို ပန်းဆီသွေးလေးဖြစ်အောင် ဂရုစိုက်ပြီး အနုစိပ်လေး ခြယ်ပေးရတယ်လေ"

ဟု ရှင်းပြသွားသေးသည်။

အဲ့ဒီ အချိန်ထိ အဆင်ပြေနေပြီး မျက်လုံးကို ခြယ်သတော့မှ ပြဿနာ တက်ရတော့တာပင်။

တာတာ့မျက်လုံးကို အိုင်းရှဲဒိုး ဆိုးလိုက်သည်နှင့် မျက်တောင်က ပုတ်ခတ်ပုတ်ခတ် ဖြစ်လာပါသည်။

"မျက်တောင် မခတ်နဲ့လေ ညီမလေးရဲ့၊ ခဏလေးပဲလေ၊ ခဏလေး သည်းခံနော်"

"ဟင် … မရဘူး၊ တာတာ မျက်တောင်မခတ်ဘဲနေလို့ မရဘူး"

မိုးနတ်မယ် ခမျာ ချွေးတောင်ပြန်လာကာ …

"မျက်လုံးကို ခြယ်ရမှာလေ ညီမလေးရဲ့၊ ခဏလေးသည်းခံပြီး နေလို့မရဘူးလားဟင် …"

"ဟင့်အင်း … မရလို့ပါ မမယ် …"

"တစ်ခါမှ မျက်လုံးကို မခြယ်ဖူးဘူးလားဟင်"

"မခြယ်ဖူးဘူး မမယ်၊ မျက်လုံးကိုမခြယ်ဘဲ ထားလိုက်လို့မရဘူးလားဟင်၊ တာတာ့မျက်လုံး နားကို မမယ် လက်ကပ်လာတာနဲ့ မျက်တောင်တွေ တအားခပ်ချင်လာတာ၊ ထိန်းမရဘူး …"

"မျက်လုံးမခြယ်လို့တော့ မရဘူး ညီမလေးရဲ့၊ ညီမလေးရဲ့မူရင်း မျက်လုံးကလည်း မျက်ရစ် မပါတဲ့ မျက်လုံးအိမ်မျိုးဆိုတော့ မျက်လုံးကို အိုင်းရှဲဒိုးမဆွဲရင် မျက်လုံး မျက်ဖန် မထင်ရှားဘဲ မိတ်ကပ်ပြင်ညီ မျက်နှာ

ပြားပြားကြီး ဖြစ်နေမှာ ...”

“အဲ့ဒါမှ ဒုက္ခပါပဲ ...”

“ဟဲ့ ... တာတာရယ်၊ ခဏလေးတော့ သည်းခံလိုက်ပါဟယ်၊ နင့်ကြောင့် မမယ်လည်း အခက်တွေ့နေရပြီ၊ ခဏလေးပဲ၊ ကြိုးစားကြည့်လိုက် ...”

ပြည့်ဖူးကတောင် တာတာ့ကို စိတ်မရှည်သလို ဝင်ပြောပါသည်။ မေမေပါလာရင် တာတာ့ကို ထိပ်တောင်ခေါက် မလားမသိ။ မမယ်ကတော့ ငြိုငြင်ပုံမပြဘဲ ဘယ်လက်ဖြင့် တစ်ရှူး တစ်စ ဆွဲယူကာ နဖူးက ချွေးတွေကို သုတ်နေပါသည်။

“မမယ် တာတာ ကြိုးစားကြည့်ပါမယ်”

“အိုခေ ... ညီမလေး ...”

တာတာက မမယ်ကို အားနာတာမို့ မျက်လုံးကို ပြူးပြီး ငြိမ်နေပေးလိုက်သည်။ သို့သော် ... မကြာခင်မှာပဲ ထိုမျက်လုံးပြူးကြီးထဲက မျက်ရည်ဥကြီးတွေ ပိုးပိုးပေါက်ပေါက် ကျလာပါသည်။

“ဟယ် ... မမတာတာ မျက်ရည်တွေ ကျလာပြီ၊ စတော့(ပ်)၊ စတော့(ပ်) ...”

အယဉ်က တာတာ့ ပါးပေါ်က မျက်ရည်တွေကို ပျာပျာသလဲ လာသုတ်ပေးသည်။

ဘယ်လိုမှ ဆက်လိမ်းလို့ မရတော့ပြီမို့ မမယ်က စိတ်လျှော့လိုက်ပုံဖြင့် ...

“ကဲ ... သတို့သမီးလောင်းလေးလည်း စိတ်ညစ်နေရှာပြီ၊ ဒီနေ့တော့ ဒီလောက်နဲ့ပဲ အပြီးသတ်လိုက်ကြရအောင်နော်၊ နောက်တစ်ကြိမ် ထပ်လိမ်းကြည့်ကြသေးတာပေ့ါ၊ ဒီကြားထဲ အင်္ကျီ ဖစ်တင်ချဖို့လေးတွေ

တွေ့ရဦးမှာလည်း ရှိတာပဲ၊ ဒီလို မိတ်ကပ်လိမ်းတဲ့ ကိစ္စနဲ့ မစိမ်းတော့ ဘူးဆိုရင် မမယ်နဲ့လည်း ဒီ့ထက် ပိုရင်းနှီးလာရင် တဖြည်းဖြည်း စိတ်လက်ပေါ့ပါးပြီး အဆင်ပြေသွားမှာပါ"

"မမယ်ကိုတော့ အားနာစရာကောင်းနေပြီ ..."

"အားနာစရာ မလိုပါဘူး၊ သတို့သမီးလေးတွေကို အလှဆုံးဖြစ်စေချင်တာ မမယ်ရဲ့ စေတနာပါ၊ သတို့သမီးလေးတွေ လှနေရင် မမယ်လည်း ပီတိဖြစ်ရတာ ပါပဲ၊ ကဲ ... ဆီးယူနော် ညီမလေးတို့"

"ဆီးယူ ... မမယ်"

မိုးနတ်မယ်က အခန်းထောင့် ကြွေဇေစင်မှာ လက်သွားဆေးလိုက်ပြီး တာတာတို့ကို အေးအေးဆေးဆေး နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားပါသည်။

ပြည့်ဖူးကတော့ တာတာ့ကို ပခုံးဖြင့် တိုက်လိုက်ရင်း ...

"ဖြစ်ရမယ် ... နင်ကတော့၊ မမယ်မို့လို့ပဲ၊ ငါသာဆို စိတ်မရှည်ဘူး"

"မျက်နှာကို ပိုပြီး တောက်ပအောင်ဆိုပြီး Coalid (အဆီအရည်) တွေ လိမ်းမယ်ဆိုရင် သေချာ သတိထား ရမယ်နော်၊ မျက်နှာတစ်ခုလုံး အရမ်းအဆီပြောင်နေရင် ဓါတ်ပုံရိုက်ရင် အရောင်ပြန်ပြီး ရုပ်ပျက်သွားမှာပဲ၊ အပေါ်ယံ မျက်လုံးနဲ့ ကြည့်ဖို့ အဆင်ပြေတာလေး တစ်ခုကိုပဲ မကြည့်နဲ့၊ ဓါတ်ပုံ ရိုက်လို့ အဆင်ပြေမပြေဆိုတာကိုပါ ထည့်စဉ်းစားပေးရမယ်၊ ဘယ်သူမဆို လှအောင်ပြင်ပြီးရင် ဓါတ်ပုံမရိုက်ဘဲတော့ မနေဘူး"

မိုးနတ်မယ်က မိတ်ကပ် အလိမ်းခံပေးနေရသည့် မိုဒယ်လ်ရဲ့ ပါးရိုးနေရာ၊ မျက်ခုံး၊ နှာရောင်၊ အပေါ်နှုတ်ခမ်း၊ မေးဖျား နေရာတွေကို အဆီလိမ်းပြနေရင်း ပါးစပ်ကလည်း သေချာ ရှင်းပြသွားသည်။

မိုးနတ်မယ်ရဲ့ သင်တန်းသူ သင်တန်းသားများက

“ဒီနေ့ပဲကွ၊ မနက်ကရောက်တယ်၊ မင်းဖုန်းကို ဆက်ကြည့်သေးတယ်၊ ပိတ်ထားတာနဲ့ မင်းရုံးခန်းကို ဆက်လိုက်တာ၊ မင်း ဒီမှာရှိမယ်ဆိုလို့ အချစ်ကလေးကို လာစောင့်နေတာလေ၊ တွေ့ချင်လွန်းလို့ … အဟဲဟဲ”

“ဟေ့ကောင် ရွတ်တွတ်တွတ် လုပ်မနေနဲ့၊ မင်းရဲ့ ပြီတီတီ မျက်နှာကြီးကို ပြင်လိုက်ဦး၊ တော်ကြာ ငါ့သင်တန်းက တစ်ယောက်ယောက် မြင်သွားဦးမယ်”

“အေးပါကွ၊ ငါနားလည်ပါတယ်၊ ဒီနားမှာ လူရှင်းနေလို့ လွတ်လွတ်လပ်လပ် ပြောနေတာပါ၊ လာကွာ … ငါ့ကို တစ်ခုခုလိုက်ကျွေး၊ ငါ ဗိုက်ဆာတယ်ကွ၊ ဒီနားက ကတ်ကြေးကိုက်ကောင်းတယ် မဟုတ်လား၊ ငါ ကတ်ကြေးကိုက် ကောင်းကောင်း မစားရတာ ကြာပြီ …”

ထက်လူက ပြောပြောဆိုဆို သူ့ပခုံးကို သိုင်းဖက်လိုက်တာမို့ သူက လန့်ဖျပ်သွားကာ …

“ဟေ့ကောင် … ဖယ်စမ်း၊ မင်းလက်ကို ခုဖယ်စမ်း”

“အာ … ဆောရီး … ဆောရီး”

ထက်လူက လက်ကို ပြန်ဖယ်လိုက်ရင်း ခေါင်းတစ်ချက်ကုပ်ကာ……

*

“ဟိုမှာ တွေ့နေကျပုံအတိုင်း အကျင့်ပါသွားလို့ပါကွာ”

“မင်း အဲဒီ လို ကြုပ်ကြုပ် အကျင့်ပါ၊ တော်ကြာ လူတွေက မင်းကို ငါ့လင်လို့ ထင်လိမ့်မယ် ”

“ ဟား ... ဟေ့ မနှောက်နဲ့လေ၊ မင့်လင်တော့ အထင်မခံနိုင်ဘူး၊ အား ... ပြဿနာပဲ၊ မုန့်အတူ ထိုင်စားရင်းရော မင့်လင်လို့ အထင်ခံရမှာလား ...”

“မပြောနိုင်ဘူး ...”

“ဟား ... မလွယ်ပါလား”

“မမယ်တို့က ဣန္ဒြေရှင်မနော်၊ ဘယ်ယောကျ်ားနဲ့မှ အရောတဝင် ပရောပရီ လုပ်တာ မဟုတ်ဘူး”

“အဟက် ... ဟား ... ဟား”

သူက မိန်းမဆန်ဆန် အမူပိုပိုပြောလိုက်တာမို့ ထက်လူက အူတက်မတက် ရယ်နေ ရပါသည်။

“မင်းနဲ့ အေးအေးဆေးဆေး တွေ့ချင်တယ်ထက်လူရာ၊ ငါ ယောကျ်ားငတ်နေတာကြာပြီကွ”

“အမလေး ... မင့်စကားကြီးကလည်း၊ ကြက်သီးထလာပြီနော်”

“ဩော် ... ယောကျ်ားလေး အချင်းချင်း တွေ့သလို ဘယ်ယောကျ်ားနဲ့မှ တွေ့ခွင့်မရလို့ ပြောတာပါကွာ၊ ဒီရာသီက မင်္ဂလာဆောင်ကြတဲ့ ရာသီဆိုတော့

ငါလည်း ဘယ်လိုမှ မအားလို့ ထွက်မရဘူးဖြစ်နေတာ၊ ဟိုတလောကတော့ အရမ်းအလုပ်များပြီး လူက တအား မွန်းကြပ်နေ တာနဲ့ ငါ့တပည့်တွေကို စင်ကာပူသွားမယ်ပြောပြီး အိမ်မှာ နှစ်ရက်လောက် နှပ်နေလိုက် သေးတယ်၊ မင်းဆီ လာမယ်စိတ်ကူးတော့လည်း မင်းက မရှိဘူးလေ”

“အေး ... ငါ အဲ့ဒီရက်က အမေရိကားက ငါ့ညီဂမ်းကွဲလေး မင်္ဂလာဆောင်ရှိလို့ ဟိုရောက်နေတာ၊ အခုလည်း ငါ့အစ်မ ကလေးမွေးလို့ ဒီကိုလာဖြစ်တာ၊ အရှေ့နဲ့ အနောက်ကို ခရီးဆက်တိုက်ထွက်တော့ အချိန်စက်ဝန်းတွေ ကမောက်ကမ ဖြစ်ပြီး လူက အူနေတာကွ”

“ဒီလိုလုပ်ကွာ၊ ငါအခုတော့ မိတ်ကပ်လိမ်းပေးဖို့ ချိန်းထားတာ သွားရမယ်၊ ညကျမှ မင်းနဲ့ငါ အေးအေးဆေးဆေး ဆုံရအောင်၊ ငါ့အခန်းကို မင်းလာခဲ့၊ ငါအခု ကွန်ဒိုခန်း အသစ်မှာ ပြောင်းနေတယ်၊ အခုအခန်းက ပိုပြီး သီးသန့်စီဖြစ်တယ်၊ ငါ့အခန်းလိပ်စာကို ဘယ်သူမှ ပေးမထား ဘူး၊ ငါ့ဝန်ထမ်းလေးတွေတောင် မသိဘူး၊ (...) လမ်းက (...) ကွန်ဒိုကို မင်းလာခဲ့၊ အခန်းနံပါတ် (၁၀၀၁)၊ ၁၀ လွှာ”

“အိုကေလေ ...၊ ဒါဆို ညကျမှ ဆုံမယ်၊ ငါဒီနေ့ သွားစရာရှိတာလေးတွေ သွားထားလိုက်မယ်၊ ဩော် ... ဒါနဲ့ မင်းဆီ လာတာ ငါမိန်းမ လိုဝတ်လာဖို့လိုလား၊ တော်ကြာ မင်း အခန်းနီးချင်းတွေက မင်းမှာ တိတ်တိတ်ပုန်း လင်လေး ရှိတယ် ထင်နေဦးမယ်”

“မလိုဘူး ဟေ့ကောင်၊ မင်း ကားပါကင်ရောက်ရင်သာ ဖုန်းဆက်လိုက်၊ ငါ့အခန်းတံခါး ဖွင့်ပေးထားမယ်၊ တွန်းဖွင့်ပြီးသာ ဝင်ခဲ့၊ ငါ့အခန်းရှေ့မှာ အကြာကြီးတော့ ရပ်မနေနဲ့ ပေါ့ကွာ”

“အိုကေ ... အိုကေ ... ဒါဆို ငါသွားပြီ”

ထက်လူက ကားပေါ်တက်ကာ မောင်းထွက်သွားသည်။ သူကတော့

လက်ကိုင်အိတ်ထဲက နေကာမျက်မှန် အဝိုင်းကြီးကို ထုတ်တပ်လိုက်ပြီး သူ့ Mark II ကားကို ကိုယ်တိုင် စမတ်ကျလေး မောင်းကာ မိတ်ကပ်လိမ်းပေးရမည့် ဟိုတယ်သို့ ထွက်လာခဲ့ပါသည်။

ဒီဝတ်စုံနှင့်ဆို ကြွေခြွေကိုလည်း တော်တော်လေး စောင့်ထိန်းရပါသေးသည်။

ညနေ ရောက်တော့ သူအိမ်ကို စောစောပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သူ စိတ်လက်ပေါ့ပါးနေသည်။

ရေမိုးချိုးကား လီနင် ဘောင်းဘီရှည် ကာကီရောင် ဖျော့ဖျော့နှင့် တီရှပ်လက်ရှည် အမည်းရောင်ကို လဲဝတ်ပြီး မီးဖိုချောင်ထဲသို့ ဝင်ကာ ထက်လူနှင့်အတူ ဝိုင်သောက်ရင်း စားဖို့ ဘာဘီကျူးကို ကိုယ်တိုင် ကင်နေလိုက်သည်။

ခဏနေတော့ ထက်လူက ကားပါကင်မှာရောက်ပြီ ဖြစ်ကြောင်း ဖုန်းဆက်သဖြင့် အခန်းတံခါးကို သွားဖွင့်ထားလိုက်ပြီး မီးဖိုချောင်ထဲသို့ ပြန်ဝင်လာလိုက်သည်။

ခဏကြာတော့ ထက်လူက အသားကင်နံ့ခံကာ မီးဖိုချောင်ဘက်သို့ ဝင်လာခဲ့ရင်း…

“ဟား … မီးဖိုချောင်ကလည်း လန်ထွက်နေတာပဲ၊ တကယ့် အပျံစားပါလား၊ မင်းအခန်းက တော်တော်မိုက်တယ် ဟေ့ကောင်၊ ဥရောပစတိုင်လ်လေး ပြင်ထားတာ မင်းစိတ်ကူးလား …”

“အေး … ငါ့စိတ်ကူး အိုင်ဒီယာကို ပြောပြပြီး Home Decoration Company ကို အပ်လိုက်တာ၊ Decoration ပြင်တာတင် အခန်းဖိုးရဲ့ တစ်ဝက်လောက် ထိသွားတယ်၊ ငါ့အတွက် ယောကျ်ားဘဝနဲ့ နားနေခွင့်ရတဲ့ အချိန်ဆိုလို့

အိမ်မှာနေခွင့်ရတဲ့ အချိန်လေးပဲ ရှိတာကွာ၊ အဲ့ဒါကြောင့် အိမ်မှာနေတဲ့ အချိန်တွေကို ငါတန်ဖိုးထားတယ်၊ အိမ်ကိုလည်း တန်ဖိုးထားတယ်၊ ငါ့အတွက် အပန်းဖြေဖို့ အိမ်ကောင်းကောင်းတစ်လုံးပဲ လိုတာ၊ လုံးချင်းတိုက်ကျတော့ ခြံကိုပြုပြင် ထိန်းသိမ်းဖို့ ကိစ္စတွေ၊ လုံးချင်းအိမ် တစ်အိမ်လုံးကို သန့်ရှင်းရေးလုပ်ဖို့ကိစ္စတွေကို ငါတစ်ယောက် တည်း မနိုင်တော့ သေချာပေါက် လူငှားရတော့မှာ၊ အဲ့ဒီလိုငှားရင် ငါ့လွတ်လပ်ခွင့်တွေ ဆုံးရှုံးရမှာပဲလေ၊ အဲဒါကြောင့် ငါ့အတွက် ကွန်ဒိုခန်းက အဆင်ပြေတယ်၊ ပိုပြီး လွတ်လပ်မှုရှိတယ်၊ အိမ်မှုကိစ္စတွေကို ငါတစ်ယောက်တည်း လုပ်သွားလို့ရတယ်”

သူက ထက်လူကို ပြောပြနေရင်းက အပူခံ လက်အိတ်ကို စွပ်ကာ မိုက်ခရိုဝေ့(ဖ်) မီးဖိုကို ဖွင့်၍ အသားကင်ပန်းကို ထုတ်ယူလိုက်ပြီး ပန်းကန်ထဲ ထည့်ကာ ပြင်ဆင်နေပါသည်။

ထက်လူကတော့ ယောကျ်ားပီသသော ပုံစံဖြင့် မီးဖိုချောင်ကိစ္စကို ကျွမ်းကျွမ်းကျင်ကျင် လုပ်နေသော ကိုယ့်သူငယ်ချင်းကို ကြည့်ကောင်းကောင်းနှင့် ကြည့်ရင်း အသားကင် တစ်ဖက်ကို တူနှင့်ညှပ်ကာ မြည်းလိုက်တော့ အရသာက စားသောက်ဆိုင်ကြီးတွေရဲ့ လက်ရာအလား ကောင်း မွန်စံမီနေသည်။

ကိုယ့်သူငယ်ချင်းမို့ ပြောတာမဟုတ်ပါ။ မိုးကြီးလို့ သူချစ်ခင်စွာ ခေါ်ရတဲ့ မိုးမဟာ ဟာ ဘက်စုံထူးချွန်သူပင် ...။ အစားအသောက် ချက်ပြုတ်တဲ့ နေရာမှာလည်း တော်ကာ ချက်ဖို့ကို လည်း ဝါသနာပါသည်။ စင်ကာပူမှာဆို သူ့မိတ်ဆွေ နိုင်ငံခြားသားမိသားစုကို သူ့အခန်းသို့ဖိတ်ကာ မကြာခဏ ကိုယ်တိုင် ချက်ပြုတ်ကျွေးမွေး ဧည့်ခံလေ့ရှိသူပင် ...။

ထက်လူက ကိုယ့်သူငယ်ချင်းရဲ့ မီးဖိုခန်းကိုလည်း သဘောကျစွာ ကြည့်နေမိပါသည်။ ပန်းကန်အကောင်းစားများထားသည့် ဗီရိုကြီးကလည်း တော်တော်ကြီး၏ ။ ဂတ်စ်မီးဖို၊ မိုက်ခရိုဝေ့(ဖ်)၊ ပေါင်မုန့်ကင်စက်၊ အသီးဖျော်စက် စသဖြင့် ပစ္စည်းတွေဟာ သူ့နေရာနဲ့သူ နေရာကျကျ အဆင့်မြင့်မြင့်လေး ရှိနေကာ

မီးဖိုချောင်ရယ်လို့ မထင်ရအောင် သပ်ရပ်သန့်ရှင်း နေပါသည်။ ပြီးတော့ ဝိုင်မျိုးစုံထားတဲ့ စင်ကြီးတစ်ခုကို သူဖြတ်လျှောက်လာခဲ့သော ထမင်းစားခန်းအဝမှာ တွေ့ခဲ့သေးသည်။ ထိုစင်ကြီးရှေ့မှာ မီနီဘားလေး တစ်ခုလည်း ရှိနေသည်။

ဒီလိုအခန်းတစ်ခုလုံး သန့်ရှင်းသပ်ရပ် အဆင့်မြင့်နေအောင် ဖန်တီးထားသော မိုးကြီးကို သူအထင်လည်းကြီးမိပါသည်။ သူ့အခန်းကတော့ အမြဲရှုပ်ပွနေတတ်တာမို့ပင်။

နေ့ခင်းတုန်းကတွေ့ခဲ့ရတဲ့ မိုးနတ်မယ် ဆိုတဲ့ တစ်ယောက်နှင့် ခု ကိုယ့်မျက်စိရှေ့က တစ်ယောက်ဟာ တစ်ယောက်တည်းမှ ဟုတ်ရဲ့လားဟုပင် သံသယဝင်ရလောက်အောင် ကိုယ့်သူငယ်ချင်းရဲ့ အသွင်အပြင်နှစ်ခုလုံးက ကွာခြားလွန်းနေသည်။

ကိုယ့် သူငယ်ချင်းမို့ ပြောတာမဟုတ်၊ မိုးကြီးသာ ယောကျ်ား စစ်စစ်အဖြစ်နေလိုက်လျှင် ကောက်မလေးတွေဆိုတာ ဝိုင်းနေတော့မှာပင် ...။ မိုးကြီးရဲ့ ယောကျာ်းပီသသောစိတ်၊ နူးညံ့ကာ ကြင်နာတတ်သော စိတ်သဘောထား၊ ခုလို စမတ်ကျကျ အဆင့်မြင့်မြင့်လေး ရှိနေသော ယောကျာ်းအသွင်အပြင်၊ အားလုံးဟာ မိန်းကလေးတွေအတွက် မက်လောက်စရာပင်။ စင်ကာပူမှာ ဆိုလည်း မိုးကြီးကိုတွေ့သည့် မိန်းကလေးတော်တော်များများက အရေးပေးကြသည်။ သို့သော် မိုးကြီးခမျာမှာလည်း သူ့လျှို့ဝှက်ချက်နှင့် သူမို့ မြန်မာပြည်နှင့် အသွားအလာရှိသည့် မြန်မာ မိန်းကလေးဆို ကြည့်ရှောင်နေရသည်။ နိုင်ငံခြားသူတွေနှင့် တစ်ခါတလေ ရောနှော ကလပ် တက်တာမျိုး ရှိပေမယ့် ရေရှည်ဆက်ဆံပတ်သက်တာမျိုးကိုတော့ မလုပ်ချင်သူပင်။

မိုးမဟာ ဗီရိုထဲက တူဘူးကိုထုတ်ယူကာ တူနှစ်စုံကို ဗန်းထဲထည့်၍ အသင့်ချ ထားလိုက်ရင်း ...

"စင်ကာပူက ငါ့အခန်းကလည်း မင်းသိတဲ့အတိုင်း

ခပ်ကျဉ်းကျဉ်းပဲဆိုတော့ ဒီမှာ လောက်တော့ နေရတာ ငါသိပ်မကြိုက်ဘူး၊ ပြီးတော့ စင်ကာပူမှာက အစစ အရာရာ ဈေးကြီး တယ်လေ၊ Decoration ကို ငါ့စိတ်ကြိုက်မပြင်နိုင်တော့ အခန်းက သာမန်လောက်ပဲ ...”

“မင်းက စင်ကာပူကအခန်းကို သိပ်မကြိုက်ပေမယ့် စင်ကာပူမှာနေရတာ ကိုတော့ ကြိုက်တယ်မလား”

“ယောကျ်ားဘဝနဲ့ လွတ်လွတ်လပ်လပ် နေရတာ ၊ မင်းလို ငါ့အကြောင်း အူမချေးခါး သိတဲ့ သူငယ်ချင်းမျိုးနဲ့ ခဏခဏ တွေ့ရတာ ၊ ငါ့ကို ယောကျ်ားတစ်ယောက်အဖြစ် သိကြတဲ့ မင်းမိတ်ဆွေ နိုင်ငံခြားသား မိသားစုတွေနဲ့ တွေ့ရတာ ကိုတော့ ငါသဘောကျပါတယ်၊ ဒါပေမယ့် ငါ့အလုပ်က ဒီမှာဆိုတော့ တစ်ခါတစ်လေ ဟိုရောက်နေရင် ဒီကိုတော့ နောက်ဆန်တင်းနေရတာ ပဲ ...”

“အင်း ... မင်းလည်း အဲဒီ သံယောစဉ်တွေနဲ့ပဲ ခက်နေတာ”

မိုးမဟာ ထက်လူ၏ စကားကို မတုံ့ပြန်မိဘဲ ရေခဲသေတ္တာကြီးကိုဖွင့်ကာ ဆလတ်ရွက် တွေကို ထုတ်ယူပြီး ဇလင်ထဲမှာ ဆေးကြောနေသည်။ ပြီးတော့ ဆလတ်ရွက်တွေကို ရေစစ်ပြီး ပန်းကန်ပြားကြီးကြီးထဲမှာ ထပ်၍ ထည့်လိုက်သည်။

“မင်း အရွက်တွေက များလှချည်လား၊ ဘာလုပ်ဖို့လည်း”

“အသားကင် ထုပ်ဖို့လေ၊ ကိုရီးယားစတိုင်လ်ပေါ့ကွာ၊ အသားကို ဒီအတိုင်းမစားဘဲ အရွက်ထဲ ထည့်ပြီးထုပ်စားတော့ ကျန်းမာရေးအတွက် ပိုကောင်းတာပေါ့၊ ငါအခုတစ်လော ကိုရီးယားစာ စားဖြစ်နေတယ်၊ ကိုရီးယားစာက ဆီနည်းနည်းနဲ့ စားကောင်းအောင် လုပ်ရတော့ ကော်လက်စထရောကို ထိန်းပေးထားနိုင်တာပေါ့၊ သီးစုံပဲပြားချဉ်ဟင်းတို့၊ ပဲပင်ပေါက် ဟင်းရည်တို့ ဆိုတာလည်း အဆီမတတ်တဲ့ အစားအစာတွေပဲလေ”

ထက်လူက ချပ်ရပ်နေသည့် မိုးမဟာ၏ ဂမ်းဗိုက်နေရာကို လှမ်းကြည့်ရင်း ...

“မင်း အဲ့ဒီလို ထိန်းလို့ ဗိုက်မထွက်တာဖြစ်မယ်၊ ငါဆို ငယ်ငယ်ရွယ်ရွယ်နဲ့ ဗိုက်က ပူချင် နေပြီ …”

“ငါက ကစားလည်း ကစားတယ်လေ …”

“ဘယ်မှာ ကစားတာလည်း …”

“ငါ့အခြေအနေနဲ့ ဘယ်မှာ သွားကစားလို့ရမှာလဲ၊ အိမ်မှာပဲ ကစားရတာပေါ့၊ အိုခေ… အားလုံး ရယ်ဒီ ဖြစ်ပါပြီ”

မိုးမဟာက အရွက်ပန်းကန်၊ အသားကင်ပန်းကန်၊ တူနှင့်အချဉ်ခွက်လေးများကို စနစ်တကျ ပြင်ထည့်ထားသည့် လင်ဗန်းကြီးကို မ, ယူလိုက်ရင်း …

“ထက်လူ မင်းက ဝိုင်ပုလင်းနဲ့ ဝိုင်ခွက်တွေယူခဲ့၊ ငါတို့ ဂရန်တာမှာ အေးအေးဆေးဆေး သွားထိုင်ပြီး စကားပြောကြတာပေါ့ …”

“အိုခေ … အိုခေ”

မိုးမဟာက မီးဖိုခန်းထဲကနေ ထွက်သွားနှင့်ပြီမို့ ထက်လူက မိုးမဟာ ပြင်ထားပေးခဲ့သည့် ဝိုင်ပုလင်းနှင့် ဝိုင်ခွက်တွေ တင်ထားသည့် ဗန်းကိုမကာ နောက်မှ လိုက်လာခဲ့သည်။

ထမင်းစားခန်းထဲက ထွက်လာပြီး အခန်းတစ်ခုရှေ့ကနေ ဖြတ်လျှောက်လာတော့ အခန်းတံခါးက ခပ်ဟဟ ပွင့်နေတာကို မြင်ရသည်။ ထက်လူက အခန်းတံခါးကြားမှ ခေါင်းပြူကာ ဘာ အခန်းပါလိမ့်ဟု စပ်စုမိသည်။

ထိုအခန်းက Hotel တွေမှာရှိတဲ့ GYM (အားကစားခန်းမ) လိုမျိုး အားကစားပစ္စည်းတွေ အစုံအလင်ရှိနေတဲ့ အခန်းမျိုးပင်။ လမ်းလျှောက်စက်၊ စက်ဘီးနင်းစက်၊ ဘယ်ရီရိုက်သည့်ခုံ၊ အလေးမသည့်ခုံနှင့် ပေါင်အနည်းအများ အလေးတွေကိုတင်ထားသည့် စင်တို့ကိုပါ တွေ့ရသည်။ အင်းလေ…

ဒီလိုအခန်းမျိုးကိုတောင် အိမ်မှာဖန်တီးထားမှတော့ အပြင်မှာ သွားကစားစရာ ဘယ်လိုတော့မှာလည်း …။ ထက်လူက အပျံစား အားကစားခန်းမကို တအံ့တသြ ကြည့်နေရင်းက ပခုံးတစ်ချက် တွန့်လိုက်ရင်း ဂရန်တာဘက်သို့ ဆက်လျှောက်လာခဲ့ပါသည်။

"လာ … ထက်လူ၊ ဒီနေရာလေးက မိုက်တယ်ကွ၊ အထပ်မြင့်ပြီး မျက်နှာချင်းဆိုင်တိုက်မရှိတော့ ဒီမှာထိုင်ရတာ အေးဆေးလွတ်လပ်တယ်၊ ညဘက်တွေဆို ဗျူးကြည့်ရင်း၊ လေညင်းခံရင်း ဒီဂရန်တာလေးမှာ ငါအမြဲထိုင်နေကျ"

မိုးမဟာက ထက်လူကို လှမ်းခေါ်သည်။ ဂရန်တာမှာ စားပွဲတစ်လုံးနှင့် ထိုင်ခုံနှစ်လုံး ချထား သည်။ ထက်လူက ဝိုင်ပုလင်းနှင့် ဝိုင်ခွက်တွေကို စားပွဲပေါ်မှာချကာ သောက်ဖို့ပြင်လိုက်သည်။ မိုးမဟာ ပြင်ထားနှင့်ထားသော အသားကင်နံ့ကလည်း မွှေးပျံ့နေပါသည်။

မိုးမဟာက ထက်လူရှေ့က ဝိုင်ခွက်ထဲသို့ ဝိုင်ထည့်ပေးပြီးမှ သူ့ရှေ့က ခွက်ထဲသို့ ထည့်သည်။

ထက်လူက ဝိုင်ခွက်ကို မကာ လှုပ်ယမ်းနေရင်း …

"မင်း မိတ်ကပ်ပြင်ပေးလိုက်တဲ့ ငါ့အစ်မက ကလေးတောင်မွေးသွားပြီလေ"

"ဟုတ်လား … မင်္ဂလာဆောင်တုန်းကတော့ မင်းအစ်မမှန်းသိလို့ ငါဈေးတွေဘာတွေ လျှော့ယူလိုက်ပါတယ်"

"အေး … ငါ့အစ်မကလည်း မိုးနတ်မယ်ကို အရမ်းသဘောကျနေတာလေ၊ ခုလည်း သူငယ်ချင်း တစ်ယောက်မင်္ဂလာဆောင်မယ်ဆိုလို့ မိုးနတ်မယ်နဲ့ပဲ ပြင်ဖို့ တိုက်တွန်းနေတာ …"

"ငါက စေတနာထားလိုက်တော့လည်း ငါ့ကို စေတနာထားတာပေါ့ကွာ၊ မင်းမသိချင် ယောင်ဆောင်နေနော် ဟေ့ကောင်၊ ငါ့အကြောင်း ဘာမှ စကားမစမိစေနဲ့ ..."

"စိတ်ချစမ်းပါကွာ၊ ငါ့ကြောင့် ဘယ်တော့မှ မပေါက်ကြားစေရပါဘူး"

"အေးပါ ... မင်းကို ငါယုံပါတယ်"

မိုးမဟာက အသားကင်တစ်ဖက်ကို တူဖြင့်ညှပ်ယူကာ ဆလတ်ရွက်ထဲသို့ ထည့်ထုပ်ပြီး စားလိုက်သည်။ ထက်လူကလည်း မိုးမဟာလုပ်သလို လိုက်လုပ်ပြီး စားကြည့်ကာ ...

"ဟ ... မဆိုးဘူးကွ၊ ကောင်းတယ်၊ အသားချည်းပဲစားသလို မအီတော့ဘူး၊ မင်းကတော့ အလှအပတို့ အစားအသောက်တို့လို့ မိန်းမကိစ္စတွေမှာ တကယ့်ကို Expert (ကျွမ်းကျင်သူ) ပဲ"

"အစားအသောက် ချက်ပြုတ်တဲ့ ကိစ္စဆိုတာ မိန်းမကိစ္စလို့ ငါတို့ဆီမှာပဲ သတ်မှတ်တာ ပါကွာ၊ နိုင်ငံတကာမှာ ယောကျ်ားပေါင်း မြောက်များစွာ ဒီအစားအသောက်ကိစ္စကို လုပ်နေတာပါ၊ စားဖိုမှူးအများစုကလည်း ယောကျ်ားတွေပါ၊ ဒီမှာတော့ ယောကျ်ားတွေ ထမင်းဟင်း ချက်ပြုတ် ရင်ပဲ မိန်းမ ဆန်သလိုလို ပြောနေကျတာ၊ ငါကတော့ အစားအသောက်ကို ကိုယ်တိုင် ခေတ်မီမီ အဆင့်မြင့်မြင့် လေးချက်ပြုတ် စားရတာ ကို ကြိုက်လို့ မီးဖိုချောင်ကိုတောင်အပျံစား လုပ်ထားတာ"

မိုးမဟာက ဝိုင်တစ်ကျိုက်သောက်ရင်း ပြောသည်။ ထက်လူက ခေါင်းတညိတ်ညိတ် လုပ်နေရင်းက အသားကင်တစ်ထုပ် ထပ်ထုပ်စားလိုက်သည်။ ပြီးတော့ ... မိုးမဟာရဲ့ ဝိုင်ခွက် ထဲကို ဝိုင်နည်းနည်း ထပ်ထည့်ပေးလိုက်ရင်း ...

"မင်း ... ဘယ်အချိန်ထိ ဒီလိုပဲ နေသွားမယ်လို့ စိတ်ကူးထားလဲ မိုးကြီး"

မိုးမဟာက ချက်ချင်း မဖြေနိုင်။ တိတ်ဆိတ်နေပြီးမှ

"အလုပ်တစ်ခုဆိုတာ မစခင်ကတည်းက သေသေချာချာ စဉ်းစားသင့်တယ်ဆိုတဲ့ အတွေးကို ငါစောစောကတည်းက တွေးခဲ့မိရင်လည်း အကောင်းသားပဲ၊ စမိပြီးလို့ အဲဒီ အလုပ်က အောင်မြင်သွားရင် အဲဒီ အောင်မြင်မှုထဲက ပြန်ရုန်းထွက်ဖို့ ခက်သွားတတ်တယ်၊ ရုန်းဖို့ ဝန်လေးရင်း နဲ့ပဲ တဖြည်းဖြည်း နစ်မှန်းမသိ နစ်နစ်သွားတတ်တယ်..."

"ငါလည်း အစတုန်းကတော့ ဒီအုပ်စုကို မပြိုကွဲစေချင်တဲ့ စေတနာရယ်၊ ငါ့ကျေးဇူး ရှင်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တာရယ်ကြောင့် သာလုပ်ဖြစ်ခဲ့တာပါ ..."

" ဒီအလုပ်ကို လုပ်ရင်းနဲ့ ဒီအလုပ်အတွက် ပိုကောင်းဖို့ ပိုအဆင်ပြေဖို့ ပညာတွေ ထပ်သင် မိတယ်၊ ကြိုးစားခဲ့မိတယ်၊ အလုပ်အပေါ် စေတနာထားခဲ့မိတယ်၊ ခုတော့ အောင်မြင်လာတဲ့ ဒီအလုပ်နဲ့ ဒီအလုပ်အပေါ် မှီခိုနေတဲ့လူတွေကို ချန်ထားခဲ့ဖို့ ခက်သွားပြီ ..."

"ခက်တာလည်း ခက်တာပေါ့ကွာ၊ ဒါပေမယ့်လည်း မင်း ဒီလိုဘဝမှာ တစ်သက်လုံးနေဖို့တော့ မဖြစ်နိုင်ဘူးလေ၊ တစ်နေ့မှာမင်း အိမ်ထောင်ပြုရဦးမယ်၊ မိသားစုဘဝကို တည်ထောင်ရဦးမယ်၊ ဒါတွေအတွက်ပါ ထည့်စဉ်းစားဖို့ လိုလာပြီလေ ..."

"ငါလည်း ငါ့ဘဝအမှန်အတိုင်း နေချင်တာပေါ့ကွ၊ ဒါပေမယ့်လည်း နောက်ကို ငဲ့ကြည့်လိုက်ရင် စိတ်က မခိုင်ဘူး၊ ခုဆိုရင် ငါ့နာမည်ကို မှီခိုပြီး ဒီအသက်မွေးဝမ်းကျောင်းလေး တစ်ခုနဲ့ တည်တည်ငြိမ်ငြိမ် ရပ်တည်နေတဲ့ GAY တွေ အများကြီး ရှိလာပြီ ..."

"Gay တစ်ယောက်ရဲ့ ဘဝဆိုတာ စာနာတတ်ရင် သနားဖို့ အရမ်းကောင်းပါတယ် ထက်လူရာ၊ သူတို့ရဲ့ မျိုးဗီဇက ပုံမမှန်ဘူးပဲ ပြောမလား၊

အတိတ်ဘဝဝဋ်ကြွေးကြောင့်ပဲ ပြောမလား၊ သူတို့ခမျာ ဒီဘဝကို ရလာတယ်၊ ဘဝကိုက မျိုးမဟုတ် ကျီးမဟုတ်ဘဝဆိုတော့ မျိုးအုပ်ထဲလည်း ရောနှောလို့မရ၊ ကျီးအုပ်ထဲလည်း ရောလို့မရနဲ့ ဘယ်ကမှ လက်မခံတော့ ပဲ့ပြင်မယ့် မိဘသာမရှိရင် သူတို့ဘဝမှာ ဘယ်လိုရပ်တည်မှာလည်း”

“မိန်းမအုပ်ထဲ ဝင်ရင်လည်း အနှိမ်ခံရ၊ ယောကျ်ားအုပ်ထဲဝင်ရင်လည်း အဟားခံရနဲ့ သူတို့ကို ဘယ်သူမှ မလေးစားတော့ဘူး၊ ခုဆို ငါ့ဆီမှာ သင်တန်းလာတက်သွားပြီးရင် သူတို့ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကို လုပ်နိုင်သွားပြီ”

“ဘယ်သူ ဘယ်လိုပဲ အခြောက်လို့ပြောပြော မိတ်ကပ်ပြင်ဖို့ကျတော့ ဒီအခြောက်ကို အားမကိုးဘဲ နေလို့ရသလား၊ ငါ့အလုပ်ထဲက အယဉ်တို့ နွဲ့တို့ ကျော့တို့လို လူတွေလည်း ခုဆို ငါ့နာမည် အရှိန်အဝါအောက်မှာ ဘယ်လောက်လုံခြုံသလဲ ...”

“အေးပါ ... မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့် Gayတွေရဲ့ဘဝကို စာနာတာနဲ့ပဲ မင်းကိုယ်တိုင် တစ်သက်လုံး Gay ယောင်ဆောင်နေဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူး သူငယ်ချင်း၊ သူတို့အတွက် မင်းဘဝကို စတေးပစ်ဖို့အထိ မလိုအပ်ပါဘူးကွာ”

မိုးမဟာက ဝိုင်ခွက်ကိုင်ကာ အေးဆေးသို့ငေး၍ ငြိမ်သက်နေရင်းက ...

“ငါ ရန်းထွက်မှာပါ”

“ဘယ်တော့လဲ ...”

“တစ်နေ့နေ့ပေါ့ကွာ ...”

“အဲဒီ တစ်နေ့ကို အမြန်ဆုံးရောက်ဖို့ ငါဆုတောင်းတယ် သူငယ်ချင်း၊ ချီးယား(စ်) ...”

ထက်လူက ဝိုင်ခွက်ကို မြှောက်ပြီး မိုးမဟာရဲ့လက်ထဲက ခွက်နှင့် လှမ်းတိုက်ရင်း ပြောလေသည်။

"မမယ်ရေ ... မမယ်၊ ဒီမှာ တာတာ့အဘွားကို ကူညီပြီး နားချပေးပါဦး မမယ်ရယ် ..."

တာတန်ရူးသည် ဘယ်နှစ်ခါက်မြှောက်မှန်းမသိ မမယ်ဆီသို့ ရောက်လာရ ပြန်ပါသည်။

မိတ်ကပ်လည်း ခဏခဏ အစမ်းလိမ်းရသည်။ ဝတ်စုံကိစ္စအတွက် မေမေ့ကို ခေါ်ပြီးပြရသေးသည်။ ခုလည်း တာတာ့ကို သူ့စိန်ပုံတုံးကြီးတွေ ထုတ်ဆင်ချင်နေသည့် ဘွားဘွား ကို နားချကာ မမယ်တို့ဆီက လက်ဝတ်ရတနာ ပုံဆန်းကလေးတွေကို ပြဖို့ ခေါ်လာရတာ ပင်။

တာတာရယ်၊ မေမေရယ်၊ ဘွားဘွားရယ်၊ သုံးယောက်လုံး ရောက်လာကြတာကို မမယ်က ထုံးစံအတိုင်း ရင့်ကျက်အေးချမ်းသော အပြုံးကလေးဖြင့် ကြိုပါသည်။

ခုဆို တာတာကလည်း မမယ်ကို ခင်မင်နေပြီ ...။ ပြီးတော့ ကျော့တို့၊ နွဲ့တို့ အယဉ်တို့၊ သူဇာတို့ကလည်း တာတာ့ကို ခင်မင်နေကြပါသည်။

"မမယ်ရယ် ... ဘွားကလေ တာတာ့ မင်္ဂလာဆောင်မှာ သူ့ရှေး စိန်နားကပ် ပုံတုံးကြီးကို ပန်တဲ့၊ ပြီးတော့ ... သူ မင်္ဂလာဆောင်တုန်းက ဝတ်ခဲ့တဲ့ စိန်ဘယက်ကြီးကို ဖွတ်ဝတ်ခိုင်းနေတာဈ အဲ့ဒါ တာတာ မဝတ်ချင်ပါဘူးငြင်းနေတာ မရလို့ ဖက်ရှင် အမြင်ရှိတဲ့ မမယ်ကပဲ ဆုံးဖြတ်လိမ့်မယ် ဆိုပြီး မမယ်ဆီ ခေါ်လာခဲ့ရတာ ..."

"ဘွားက အစစ်ကို ဆင်ချင်တာပါ မယ်ရယ်၊ ဘယ်လောက်ပုံတုံးတုံး အစစ်ကို ဝတ်တာက ပိုပြီး ကျက်သရေမရှိဘူးလား၊ စိန်ဆိုတာ ဘာနဲ့ဝတ်ဝတ် လိုက်ဖက်ပြီးသားပါ၊ မယ့်ကိုပြရအောင် ဘွားပစ္စည်းတွေကို ဓာတ်ပုံတောင်

ရိုက်ယူလာပါတယ်၊ မယ် စီစဉ်ထားတဲ့ ဝတ်စုံလေးနဲ့ မလိုက်ဘူး လား ... ဒီမှာကြည့်လေ”

ဘွားက သူ့လက်ပွေ့အိတ်ထဲက ဓါတ်ပုံကို ထုတ်ပြသည်။ မမယ်က ဓါတ်ပုံကို ယူကြည့်ရင်း အပြုံးကလေးနှင့် ခေါင်းညိတ်ကာ ...

“လှလိုက်တာ ဘွားရယ်၊ ရှေးပုံဆိုပေမယ့် နန်းဆန်ဆန်လေးနဲ့ လှလိုက်တာ ...”

“ဟင် ... မမယ်ကလည်း တာတာ့ဘက်က ကူပြောပါဆိုနေမှ ဘွားဘွားဘက်က သွားထောက်ခံ နေပြန်ပါပြီ”

မမယ်က တာတာ့ကို ဘာမှ ပြန်မပြောသေးဘဲ ဘွားဘွားကို တလေးတစားနှင့် ယဉ်ကျေး ဖွယ်ရာလေး ဆက်ပြောပုံမှာ ...

“တစ်ခုတော့ ရှိတာပေ့ါ ဘွားဘွားရယ်၊ ဘွားရဲ့ ရတနာ ပစ္စည်းတွေက သိပ်ခမ်းနားထည်ဝါ လွန်းနေတော့ မယ့်ရဲ့ ဝတ်စုံက လိုက်လို့မမှီတော့ဘူးပေ့ါ၊ မယ့်ရဲ့ ဝတ်စုံဒီဇိုင်းက လူငယ်ဆန်ပြီး နည်းနည်းလေး သွက်တော့ လှပေမယ့် နန်းမဆန်ဘူးလေ၊ ဘွားရဲ့ ရတနာတွေနဲ့ လိုက်ဖက်ညီဖို့ဆို ရင် ဝတ်စုံဒီဇိုင်းကို အထူးစပါယ်ရှယ် ထပ်ပြီး ချုပ်ရတော့မှာ၊ အဲဒီ့ အတွက် အချိန် တစ်လလောက် ထပ်ပေးရဦးမယ်၊ မင်္ဂလာဆောင်ဖို့ကလည်း တစ်လတောင် မလိုတော့ဘူးလေ၊ ဒါပေမယ့်လည်း ဘွားသဘောပါ၊ မယ်က မယ်မြင်တာလေးတွေကို ပြောပြပေးရုံပဲ၊ ဘွားက ဝတ်စုံချုပ်ပါဆိုလည်း မယ်ကတော့ အချိန်မရတဲ့ကြားကပဲ ဘွားစိတ်တိုင်းကျဖြစ်အောင် စီစဉ်ပေးပ့ါမယ်ရှင်”

တာတာသည် မမယ်ရဲ့ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ဖြစ်အာင် ပြောတတ်သည့် အပြောစွမ်းရည်ကို လက်ဖျားခါသွားပါသည်။

မမယ်ရဲ့ အပြောကြောင့်ဘွားဘွားခမျာ တွေဝေ သွားရကာ ...

“အင်း … ဒီလိုဆိုတော့လည်း ဘွားတောင် ဘာပြောရမှန်း မသိတော့ပါဘူးကွယ်”

ဘွားရဲ့ စိန်ပုံတုံးတွေကို မမယ်က အမွှန်းတင်ပြီးပြောထားတာမို့ ဘွားမှာ သူ့စိန်ကို တာတာ မဝတ်လည်း သူ့မာနကို မထိခိုက် …။ ဩော် … သူ့ဝတ်စုံခမျာ ငါ့စိန်ရဲ့ ခမ်းနားမှုကို လိုက်မမှီဘဲ သိမ်နုတ်သွားရှာတာဟုပင် အပေါ်စီးအနေအထားလေး ရသွားကာ အားနည်းသူကို အလျှော့ပေးပါ တော့မည်ဟူသော စိတ်ဝင်လာချိန်မှာ မမယ်ကလည်း စကားအရာ လိမ္မာပါးနပ်စွာဖြင့် …

“မယ့်မှာ ရှိတဲ့ လက်ဝတ်ရတနာတွေကလည်း အစစ်မဟုတ်ပေမယ့် နောက်ဆုံးပေါ် ဒီဇိုင်းဆိုတော့ ဘွားရဲ့ စိန်တန်ဖိုးနဲ့ မယှဉ်သာပေမယ့်လည်း သူ့အလှလေးနဲ့ သူတော့ ရှိပါတယ်ဘွား …၊ ဘွားကြည့်မယ်ဆို မရဲတရဲနဲ့ပဲ ထုတ်ပြရမှာပါ …”

“အေးကွယ် … ကြည့်ရတာ ပေါ့”

“ဟုတ်ကဲ့ … ကျေးဇူးတင်ပါတယ် အဘွား၊ အယဉ်ရေ လက်ဝတ်ရတနာဘူးလေးတွေ ယူခဲ့ပေးပါကွယ်”

“ဟုတ် … မယ်မယ်”

အယဉ်က ကတ္တီပါ ဘူးတွေကို တစ်ခုချင်းစီဖွင့်ကြည့်ရင်း…

“အင်း … အစစ်မဟုတ်ပေမယ့် သူကတောင် ပိုလှနေသလိုပဲ၊ စစ်လည်းစစ်၊ လှလည်းလှရင် ပိုကောင်းမှာ …”

“အစစ်ဝတ်ချင်ရင်လည်း မယ့်မိတ်ဆွေ ရတနာဆိုင်တွေကနေ ငှားရမ်းဝတ်ဆင်လို့ရပါ တယ် ဘွားဘွား”

“အစစ်တွေ ငှားဝတ်ရတာ တာဝန်ကြီးပါတယ် မမယ်ရယ်၊

တာတာကတော့ ဒီထဲကပဲ ဝတ်ချင် ပါတယ်၊ ဒါလေးဆို တာတာ သိပ်ကြိုက်တာ ...”

တာတာက လည်ဆွဲတစ်ခုကို ယူကာ လည်မှာကပ်ပြလိုက်တော့ ဘွားဘွားက မျက်မှန်ပေါ်ကနေ ကျော်ကြည့်လိုက်ရင်း ...

“အင်း... လှတော့လှသား၊ ကဲ ... မြေးသဘောအတိုင်းသာ လုပ်ပါတော့ကွယ်၊ ဘွားပစ္စည်းတွေ ဝတ်ရင်အဝတ်အစားကအစ ပြန်စီစဉ်ရမှာဆိုတော့ အချိန်တွေ အရမ်းကုန်မှာ၊ ပြီးတော့ အသစ်ချုပ်ပြီးရင်လည်း ဘွားပစ္စည်းရဲ့ထည်ဝါမှုကို ဝတ်စုံက လိုက်နိုင်ပါ့မလားဆိုတာ မသေချာဘူးဆိုတော့ ဘွားကပဲ အလျှော့ပေးလိုက်ပါတော့မယ်”

ကိစ္စ တစ်ခုပြီးပြီမို့ တာတာက ပျော်သွားမိသည်။ မမယ်က ဘွားဘက်ကိုကျောခိုင်း၍ ပစ္စည်းတစ်ခု လှမ်းယူရင်းက တာတာမြင်အောင် မသိမသာလေး လက်မထောင်ပြသွားသည်။

မေမေကလည်း ခုမှ စိတ်အေးရပုံဖြင့်...

“ကဲ ... ကိစ္စ တစ်ခုတော့ ပြတ်သွားလို့ တော်ပါသေးရဲ့၊ နို့မို့ဆို အန်တီ အိမ်မှာ နားကိုငြီးရော မယ်ရေ့၊ အမေကလည်း သူဆင်ချင်တာပဲပြော၊ တာတာကလည်း ဇွတ်ငြင်းနဲ့ အိမ်မှာ တစ်နေ့ တစ်နေ့ နားပူနေရတာ ....၊ မလွယ်ဘူး”

“ မယ့် ပစ္စည်းလေးတွေကို ခုလို အရာသွင်း ချီးမြှောက်ပေးတဲ့ အတွက် ဘွားဘွားကို မယ် အရမ်းကျေးဇူးတင်ပါတယ်ရှင် ...”

မယ်က အပြောကောင်းတာမို့ အဘွားက တပြုံးပြုံးနှင့် ခေါင်းညိတ်နေသည်။

နွဲ့က တာတာတို့နားရောက်လာကာ မုန့်ပန်းကန်တင်ထားသည့် လင်ဗန်းလေးကို တာတာ့ရှေ့မှာ ချပေးလိုက်ရင်း

“မမတာ … မမတာ ဒီနေ့လာမယ်ဆိုလို့ မမတာ ကြိုက်တဲ့ ဆန္ခွင်းမကင်းတွေ ဝယ်ထား တယ်၊ စားသွားပါနော်၊ အန်တီတို့ ဘွားဘွားတို့လည်း စားကြပါနော်”

“ဟယ် … နွဲ့ရယ် ကျေးဇူးတင်လိုက်တာ၊ တာတာ ဆန္ခွင်းမကင်းကြိုက်မှန်း နွဲ့ဘယ်လိုသိ လည်းဟင် …”

“ဟိုတစ်ခါ မမတာ ဒီကိုလာတုန်းက မမတာသူငယ်ချင်းနဲ့ပြောနေတာ နွဲ့ကြားလိုက်တယ် လေ၊ မမတာက ဆန္ခွင်းမကင်းမစားရတာ ကြာပြီ၊ အရမ်းစားချင်တယ်တဲ့၊ အပြန်ကျဝင်ဝယ်ရ အောင်တဲ့၊ အဲဒါကြားလိုက်ကတည်းက ဒီတစ်ခေါက် မမတာလာရင် ကျွေးမယ်လို့ အားခဲထားတာ”

“နွဲ့က သိပ်တော်တာပဲဟယ် …”

တာတာက ဆန္ခွင်းမကင်းကို ခက်ရင်းကလေးနှင့် ထိုးစားနေဆဲ ကျော့က ရောက်လာ ပြန်ကာ …

“ဟဲ့ … နင်တစ်ယောက်တည်း သောကွပ်လုပ်မနေနဲ့၊ ဒီမှာကျော့ကိုယ်တိုင်သုပ်လာခဲ့တဲ့ လက်ဖက်လေးနဲ့လည်း ဩဲ့ခံပါရစေဦး”

ဟုပြောရင်း လက်ဖက်ပန်းကန် ချလာပြန်သည်။ အယဉ်တို့ ကျော့တို့ နွဲ့တို့ဟာလည်း ဘယ်ဘဝရေစက်ကြောင့်မှန်းကိုမသိ တာတာ့ကို ခင်မင်ကာ တာတာလာတိုင်း ပျာနေအောင် ဂရုစိုက် တတ်ကြပါသည်။

မေမေကတော့ တာတာနဲ့ သူတို့နဲ့ ခုလိုရင်းနှီး ချစ်ကြည်နေတာကို မယုံနိုင်ပုံ၊ ရယ်ချင်နေပုံဖြင့် လှမ်းကြည့်နေပါသည်။

တာတာက လက်ဖက်တစ်စွန်း မြည်းရပြန်ရင်း …

“ဟား … ကျော့လက်ရာကလည်း အပျံစားပဲ၊ ကျော့က အချက်အပြုတ်၊ အသုပ် ကျွမ်းကျင်တယ် ထင်တယ်”

“ကျော့ ကျွမ်းကျင်တာ မယ်မယ့် ခြေဖျားကလေးတောင် မမီပါဘူး မမတာရယ်၊ မယ်မယ် ကမှ အစားအသောက်မျိုးစုံကို အဆင့်မြင့်မြင့်လေး တီထွင်ချက်ပြုတ်နိုင်တာ၊ ကိုရီးယားစာ ဆိုလည်း မယ်မယ် လုပ်တတ်တာပဲ၊ ဟိုတစ်လောကတောင် အယဉ်တို့စားဖို့ ကိုရီးယားရေညှိ ထမင်းလိပ်တွေ အများကြီး ဘူးနဲ့ထည့်ယူလာပေးသေးတယ်၊ အရမ်းစားကောင်းလို့ တစ်ပတ် လောက်တောင် အမြိုးတွေကို မေ့နေသေးတယ်”

ကျော့ရဲ့အမူပိုပို အပြောကြောင့် တာတာက ရယ်လိုက်မိရင်း မမယ်ကိုလှမ်းကြည့်ကာ ...

“မမယ်က ဒါလည်းရတာ ပဲလားဟင်”

“အဟင်း ... တစ်ခါတလေ အပျင်းပြေလုပ်ကြည့်ရင်း အစပ်အဟပ်တည့်သွားတာပါ ညီမလေးရယ်”

“အံမယ် ... မလျှိုပါနဲ့ မမယ်ရယ်၊ ကိုရီးယားထမင်းလိပ်ကို လှလှပပနဲ့ စားကောင်းအောင် လုပ်တတ်တယ်ဆိုတာ တော်ရုံအရည်အချင်း မဟုတ်ပါဘူး၊ တာတာလည်း ထမင်းလိပ်သိပ်ကြိုက် တာ မမယ်ရဲ့၊ နောက်ကြုံမှ မမယ်လက်ရာကို ကပ်မြည်းရဦးမယ်... ”

“ညီမလေး စားချင်ရင် မမယ် ယူလာပေးပါ့မယ် ...”

“ဒါဆို ဒီလိုလုပ်ပါလားဟင်၊ တာတာဖိုင်နယ် မိတ်ကပ်လိမ်းကြည့်မယ့်နေ့ကျရင် ယူလာ ပေးလေ၊ ဆံထုံး ထုံးနေတုန်း ဗိုက်ဆာရင် တာတာစားလို့ရတာ ပေါ့ ...”

“ဟဲ့ ... ကောင်မလေး၊ ညည်းနှယ် အားမနာ လျှာမကျိုးအေ၊ မယ်က အားတာမဟုတ်ဘူး”

“ရပါတယ် ဘွားဘွားရဲ့၊ ညီမလေး စားချင်ရင် မမယ်ယူလာပေးပါ့မယ်၊

မမယ်အတွက် အပမ်းမကြီးပါဘူး…”

ဘွားက မမယ်ကို အားနာစွာဖြင့် တာတာ့ကိုမျက်စောင်းထိုးသည်။ တာတာကတော့ မမယ် တာတာ့ကို အလိုလိုက်တာကို သဘောကျကာ မမယ်ကို ပိုခင်သွားရသည်။

အပြန် ကားပေါ်မှာ မေမေက တာတာ့ကို မျက်စောင်းထိုးရင်း …

“ဟွန်း … ပြောတုန်းကတော့ ဒီလူတွေကို အထင်ပဲသေးသလို မပတ်သက်ချင်သလိုလိုနဲ့ ခုကျတော့လည်း သူပဲ ဒါတွေနဲ့ လုံးထွေးနေတာ၊ မိတာတာတို့ကတော့ မပြောချင်ဘူးနော်”

“အပဲ … သူတို့က ခင်စရာကောင်းတာကိုး မေမေရဲ့…”

တာတာက ပခုံးလေးတွန့်ရင်း ပြုံးတုံ့တုံ့လေး ပြန်ပြောမိလေသည်။

မင်္ဂလာပွဲက တဖြည်းဖြည်း နီးကပ်လာသည်။

တာတာကလည်း အမေးအမြန်း ပိုထူလာပါသည်။

မမယ်ရဲ့ဟန်းဖုန်းနံပါတ်ကို တောင်းထားကာ တစ်ခုခုသိချင်တိုင်း မမယ်ကို တဂျီဂျီ ဖုန်းဆက်၏ ။

“မမယ်ရေ … မင်္ဂလာပွဲနီးကာမှ တာတာ့မျက်နှာမှ ဝက်ခြံကလေးတွေ ထွက်လာလို့၊ အဲ့ဒါ မင်္ဂလာဆောင်နေ့အထိ မပျောက်ရင် ဒုက္ခပါပဲ မမယ်ရယ်၊ မိတ်ကပ်နဲ့ ဖုံးလိုက်လို့ ရပ့်ါမလားဟင်၊ ဓါတ်ပုံထဲကျရင် ဝက်ခြံဘုတွေနဲ့ ဖြစ်နေရင် အဲ့ဒါ ပြဿနာပဲ မမယ်၊ မီးတွေဘာတွေ ထိုးလိုက်ရင် ဒီဘုတွေ ရုပ်လုံးကြွတက်လာမှာလားဟင် …”

“ညီမလေး စိတ်အေးအေးထား၊ မမယ်ပြောတာနားထောင်၊ ဝက်ခြံထွက်တယ်ဆိုတာ Stress ကြောင့်လည်း ဖြစ်တတ်တယ်၊ အဲဒီ တော့ ညီမလေး စိတ်ကို သက်သောင့်သက်သာလေး ဖြစ်အောင် နေလိုက်ရင် ဝက်ခြံထွက်တာ

လျှော့သွားမယ်၊ အကယ်၍ မလျော့လည်း ကိစ္စမရှိဘူး၊ မမယ် မိတ်ကပ်နဲ့ သေသေချာချာ ဖုံးပေးမယ် ဟုတ်ပြီလား”

မမယ်ကတော့ ဘာမေးမေး စိတ်ရှည်ရှည် ဖြေရှာ၏။

တာတာ့မှာလည်း မေးခွန်းတွေက မကုန်နိုင်။

“မမယ်ရေ … အဝတ်အစားအတွက် ဖစ်တင်ချပြီးကာမှ တာတာ အရမ်းပိန်လာတယ် သိလား၊ အရမ်းပိန်ရင်ထိုင်မသိမ်းနဲ့ လှပ့်ါမလားဟင်၊ မင်္ဂလာဆောင်နေ့မှ ဝတ်စုံက တာတာ့ကိုယ် ပေါ်မှာ ချောင်ဂလောင်နေရင် ဘယ်လိုလုပ်မလဲဟင် …”

“သတို့သမီးဆိုတာ မင်္ဂလာပွဲနီးလာလေ စိတ်လှုပ်ရှားလေ၊ လူပင်ပန်း စိတ်ပင်ပန်းပြီး ပိန်သွားလေ ဖြစ်တတ်တယ်၊ အဲ့ဒီတော့ မမယ် အကြံပြုချင်တာက ဒီအတောအတွင်း စိတ်မလှုတ် ရှားအောင်သတိထားပြီး ကောင်းကောင်းအိပ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းအနားယူ လိုက်နော် …”

တာတာ ဘာမေးမေးစိတ်ငြိုငြင်တယ်မရှိဘဲအေးအေးဆေးဆေး အဖြေပေးတတ်သော မမယ်ကိုတာတာက တစ်နေ့ထက်တစ်နေ့ အားကိုးခင်မင်လာရသည်။

“မမယ်ရေ တာတာကိုင်မယ့် ဘိုကေးမှာ ဘာပန်းသုံးရမယ်ဆိုတာ ခုထိ စဉ်းစားလို့ မရသေး လို့ ဝိုင်းကူစဉ်းစားပေးပါဦးနော် …”

ဟု တာတာက ဆိုလျှင် မမယ်ကလည်း မဆိုင်းမတွပင် …

“နှင်းဆီ သုံးပါလား ညီမရဲ့၊ ခုနောက်ပိုင်း နှင်းဆီ ဘိုကေးလေးတွေ သုံးလာတာ အရမ်းလှတယ်၊ ဘိုလည်းဆန်တယ်”

ဟု အကြံပေးတတ်သည်။

မမယ်က စိတ်ရှည်ပေမယ့် မေမေက တာတာ့ကို စိတ်မရှည်ဘဲ

“ဟဲ့ … တာတာ ညည်း နည်းနည်းတော့ လွန်ပြီထင်တယ်၊ ညည်းလို Customer မျိုးသာ များများကြုံရင် မိုးနတ်မယ် စီးပွားပျက်မှာတောင် စိုးရတယ် …”

“ဟိုက အားတဲ့သူ မဟုတ်ဘူး၊ အလုပ်လုပ်နေရတာ ၊ ဒါကို ညည်းက ခုလိုတဂျီဂျီ ဖုန်းဆက်ပြီး ပြောပြောနေတော့ ဟိုက အလုပ်ဖြောင့်ဖြောင့် လုပ်ရပ့ါမလား၊ ငါကြားကြားနေတာကြာပြီ၊ ညည်းမှာ …ဝက်ခြံထွက်လည်း ဒီမိုးနတ်မယ်ဘဲ ဆက်၊ ညည်းဟာ ညည်း ပိန်လည်း သူ့ကိုပဲ သွားပြော၊ ညည်းဘာသာ ဝက်ခြံထွက်တာ၊ ပိန်တာ သူ့တာဝန်လား၊ သူနဲ့ ဘာဆိုင်လို့ ဝန်ထုပ်ဝန်ပိုးဖြစ်အောင် လုပ်နေရတာ လဲ …”

“အို … မေမေကလည်း ဘာလို့မဆိုင်ရမှာလည်း၊ မင်္ဂလာဆောင်မယ့်နေ့အထိ တာတာ့မျက်နှာ၊ တာတာ့ ခန္ဓာကိုယ်မှာ ဖြစ်ပျက်ပြောင်းလဲသမျှ သူနဲ့ဆိုင်တယ်”

“ဘုရားရေ…”

မေမေက သူ့ရင်ဘတ်သူဖိကာ တာတာ့ကို မျက်လုံးကြီးပြူးပြီး ကြည့်နေသည်။

“ဟုတ်တယ်လေ … မေမေပဲစဉ်းစားကြည့်၊ မင်္ဂလာဆောင်နေ့ကျရင် တာတာ့မျက်နှာကို မမယ်ပဲ ပြင်ရမှာ၊ တာတာ့ခန္ဓာကိုယ်ပေါ်မှာ မမယ်ရဲ့ဝတ်စုံကို ဆင်မြန်းရမှာ၊ အဲဒီ တော့ သူပြုပြင်ဆင်မြန်း ရမယ့် မျက်နှာနဲ့ ခန္ဓာကိုယ်အခြေအနေကို သူကြိုသိမထားသင့်ဘူးလား၊ ကြိုသိထားမှ အဲဒီ နေ့ကျ ဝတ်စုံက ပွချောင်နေရင် ချက်ချင်းပြုပြင်ဖို့တို့ ဘာတို့ စီစဉ်ထားနိုင်မှာ မဟုတ်လား …”

“ကဲ … ကဲ… ဟုတ်ပါပြီ၊ အဲဒါကထားလိုက်ပါတော့၊ ဒါပေမယ့် ညည်းစိတ်က အမျိုးမျိုး ပြေင်းတိုင်း မယ့်ဆီ ဖုန်းကောက်ကောက်ဆက်နေတာရော မလွန်လွန်းဘူးလား …”

"တာတာ ဘက်ဆက်လို့လည်း"

"ငါကြားပါတယ်၊ ညည်းပဲ ကတ္တီပါ ပုံတော် ဖိနပ်စီးမယ်ဆိုးဖြတ်ပြီး တော်ကြာနေတော့ ဒေါက်ဖိနပ် စီးမယ်ဖြစ်ပြန်ရော၊ ခု အင်းဂခေတ်ဆံထုံး ထုံးမယ်ပြောပြီး နောက်ကျတော့ ပုဂံခေတ်ပုံ ထုံးမယ်ဖြစ်ပြန်ရော၊ ပြီးတော့ ညည်း စိတ်မှာပူပန်သမျှတွေကို မယ့်ဆီဖုန်းဆက်ပြီး ခိုလိုညည်းပြ နေတာတွေ ငါမသိဘူးမှတ်လို့လား"

"မညည်းပါဘူး မေမေရာ၊ ကူစဉ်းစားပေးဖို့ အကြံဉာဏ်တောင်းတာပါ၊ မမယ်စဉ်းစားတာနဲ့ တာတာ့အကြိုက်နဲ့က တူတူနေတတ်လို့ပါ"

"ဟွန်း … အခုကျမှ ဖြစ်နေလိုက်တာ၊ ဩော် … ဒါနဲ့ ညည်းသတို့သား လာမယ့်နေ့ အတိအကျသိပြီလား၊ ဒီမှာကအားလုံးအဆင်သင့်ဖြစ်နေပြီ၊ သတို့သားက ခုထိ မရောက်သေးဘူး"

"သူနဲ့ ဖုန်းရပါတယ် မေမေရဲ့၊ သူက အလုပ်ဝင်နေပြီဆိုတော့ အစောကြီး လာလို့မရလို့ပါ၊ ပြီးတော့ … သူ့အမေကလည်း ခုရက်ပိုင်း ကျန်းမာရေး သိပ်မကောင်းတော့ လေယာဉ်အကြာကြီး စီးနိုင်ပါ့မလား စိုးရိမ်ပြီး စိတ်ပူရတာ နဲ့ ကျန်းမာရေး အခြေအနေကိုလည်း နည်းနည်းစောင့်ကြည့် နေရလို့ပါ၊ မေမေ ဘာမှ မပူနဲ့၊ ဖေဖေနဲ့လည်း ဖုန်းရပြီးသား၊ ဖေဖေနဲ့ မင်းညိုတို့ မိသားစုတွေ တူတူ လာကြမှာ၊ မင်္ဂလာမဆောင်ခင် တပတ်အလိုလောက် သေချာပေါက်ရောက်လာမှာ …"

"ဒါနဲ့ သမီးက မိတ်ကပ်တစ်ခါ စမ်းလိမ်းကြည့်မယ်ဆို၊ နှစ်ခါ လိမ်းကြည့်ပြီးတာတောင် မလုံလောက်ဖူးလား"

"တာတာ့ကို မျက်လုံးခြယ်ရတာ အခက်အခဲရှိလို့ ကျင်းသားရအောင် လိမ်းရင်းနောက်ဆုံး ဖိုင်နယ်တစ်ခေါက်မှာ မိတ်ကပ်ရော ဆံပင်ရော အားလုံးပြင်ပြီး အဝတ်အစားပါ ဝတ်ကြည့်ချင်တာ၊ အဲဒီ နေ့ လိမ်းတာ အဆင်ပြေရင် တာတာလည်း

သဘောကျပြီး Confirm (အတည်ပြု) ဖြစ်မှ မယ်မယ်က မင်္ဂလာဆောင်နေ့မှာ အဲ့ဒီအတိုင်း လိမ်းပေးမှာလေ”

“ဘယ်နေ့ ရက်ချိန်းယူထားလည်း ...”

“ရှေ့အပတ် သောကြာ မေမေ”

“ဟယ် ... အဲဒီ နေ့ မေမေ မအားဘူးလေ၊ ညည်းအဘွား ဆီးချိုတတ်နေလို့ ဆေးခန်းပြ ပေးရမှာ ”

“ဆေးခန်းက ဘယ်အချိန်ပြရမှာလည်း”

“ညနေ ၅ နာရီလောက် အိမ်ကထွက်ရမှာ”

“ဟင် ... ဒါဆို မမီဘူး၊ တာတာက ၄ နာရီချိန်းထားတာ၊ ၅ နာရီဆို မပြီးသေးဘူး၊ ဒီလိုလုပ်မယ်လေ၊ တာတာက ပြည့်ဖူးနဲ့ သွားလိုက်မယ်၊ မေမေတို့ ဆေးခန်းပြပြီးမှ တာတာ့ဆီကို လှည့်ဝင်လာခဲ့ကြပေါ့ ...”

“အေး ... အဲ့ဒါကောင်းတယ်”

အဲ့ဒီလိုနဲ့ ...

မိတ်ကပ် လိမ်းရမည့်နေ့သို့ ရောက်ရှိလာခဲ့ပြန်ပါသည်။

ထိုနေ့က သူအိပ်ရာမှ စောစောထရပါသည်။

မထလို့လည်း မဖြစ် ...။

ကိုယ့်ကို မမယ် ... မမယ် နဲ့ခင်မင်အားကိုးလှတဲ့ တာတန်ခူးအတွက် ထမင်းလိပ် လုပ်ပေးရမှာမို့ပင် ...။

မနေ့ညနေ သူ အိမ်ပြန်လာကတည်းက သူမကို ပေးထားသည့်ကတိကို သတိရကာ City Mart ထဲသို့ဝင်ပြီး ထမင်းလိပ်လုပ်ဖို့ လိုအပ်သည့် ရေညှိပြားတွေ ဝယ်လာခဲ့သည်။

တာတန်ခူးနဲ့ သူနဲ့ ရေစက်ပါတယ်ပဲ ဆိုရမလား မသိ ...။ သူ အလုပ်လုပ်လာသည့် သက်တမ်းတစ်လျှောက်မှာ တာတန်ခူးကို အလိုလိုက်သလိုမျိုး ဘယ်မိန်းကလေးကိုမှ အလိုမလိုက်ခဲ့တာတော့ အမှန်ပင်။

သူက တာတန်ခူးအတွက် ထမင်းလိပ်ကို စိတ်ပါလက်ပါ လုပ်နေလိုက်သည်။ များများလေးလုပ်ပြီး ပလတ်စတစ် ဘူးပြားကြီးထဲသို့ စီကာရီကာ ထည့်ရသည်။ ပြီးတော့ အချဉ်ကို ဘူးနဲ့ သတ်သတ်လေးထည့်လိုက်သည်။

တာတာနဲ့ ချိန်းထားတာက ညနေမှ ပဲဆိုပေမယ့် အိမ်ကို နောက်တစ်ခေါက်ပြန်လာဖို့ အချိန်မရတာ မို့ ခုကတည်းက ထည့်ယူသွားပြီး ရုံးခန်းရောက်တော့မှ ရေခဲသေတ္တာထဲ ထည့်ထားရမှာပင်။ တာတာ လာတော့မှပဲ ရေခဲ့သေတ္တာထဲက ထုတ်ယူပြီး ကျွေးရတော့မှာပေါ့ ...။ အစားကောင်း စားရပြီဆို ပြုံးနေတတ်တဲ့ တာတာ့ မျက်နှာကလေးကို မြင်ယောင်ကာ မိုးမဟာ ပြုံးရသည်။ ချစ်စရာကောင်းတဲ့ ဒီကလေးမကို ရတဲ့ သတို့သားလေးဟာ တော်တော်ကံကောင်း တာပဲပေါ့၊ ဒါနဲ့ နေပါဦး သတို့သားဆိုလို့ သူ့သတို့သားက ခုထိကို ရောက်မလာသေးပါလား။

မင်္ဂလာဆောင်ဖို့က ဆယ်ရက်ပဲ လိုတော့တာမဟုတ်လား ...။

အင်းလေ ... ဟိုက အလုပ်ကိစ္စတွေ ဖြတ်မရသေးလို့ မလာနိုင်သေးတာပဲ ဖြစ်မှာပါ၊ သူတို့ ချင်း ကျေနပ်ရင်ပြီးတာပါပဲ၊ ကိုယ့်အနေနဲ့ကတော့ သတို့သားကို စောစောလေး ရောက်လာစေ ချင်တာပါ၊ နှစ်ယောက်အတူ အဝတ်အစား ဝတ်ကြည့်ကြရင် ပိုကောင်းမှာပေါ့။ တာတာ ပိုပြီး ကြည်နူးရမှာပေါ့ ...။

ခုလည်း တာတာ့ ကြည့်ရတာ ကြည်ကြည်နူးနူး ပေါ့ပေါ့ပါးပါးလေးပါပဲလေ ...။

မိုးမဟာက တာတှာ အကြောင်း တွေးမိနေရင်းက ထမင်းလိပ်ဘူးကို ပလတ်စတစ်ခြင်း လေးထဲသို့ ထည့်ကာ အသင့်ပြင်ထားလိုက်ပြီး ရေချိုးခန်းဘက်သို့ လျှောက်လာခဲ့သည်။

ရေချိုးပြီးတော့ အစိမ်းရောင် ချိပ်လုံချည်နှင့်၊ အစိမ်းရောင် ပိုးပျော့ရင်ဖုံးလေး ဝတ်ပြီး ပုလဲပုတီး အတိုလေး တစ်ကုံး ဆင်မြန်းလိုက်သည်။ ထို့နောက် ပလတ်စတစ်ခြင်းလေးကို ဆွဲပြီး အိမ်မှ ထွက်လာခဲ့ပါသည်။

သူက တစ်ယောက်တည်း သွားလာတဲ့အခါ သူ့ Mark II ကားကို ကိုယ်တိုင်မောင်းလေ့ ရှိပြီး အလုပ်ကိစ္စအတွက် အယဉ်တို့ နွဲ့တို့တွေကိုပါ ခေါ်ပြီးသွားလျှင်တော့ ဒရိုင်ဘာမောင်းသည့် လုပ်ငန်းသုံး စူပါကတ်စတန်ကားကို သုံးလေ့ရှိပါသည်။

မိုးမဟာ ရုံးခန်းသို့ရောက်တော့ အယဉ်က အပြေးကလေး ထွက်ကြိုသည်။

သူက အယဉ့်ကို ပလတ်စတစ်ခြင်း လှမ်းပေးရင်း

“ခြင်းထဲက ထမင်းလိပ်ဘူးကို ရေခဲသေတ္တာထဲ ထည့်လိုက်နော် အယဉ်”

“ဟယ် … ထမင်းလိပ် စားရဦးမယ်၊ ပျော်လိုက်တာ”

“အယဉ်တို့ အတွက်နောက်နေ့မှ သပ်သပ်လုပ်ပေးမယ်၊ ဒါက တာတှာဖို့ …”

“အယ် … ဟုတ်သားပဲ၊ ဒီနေ့မမတာလာမှာ ညနေ ၄ နာရီ ချိန်းထားတာပဲ”

အယဉ်က ခြင်းကိုယူကာ နောက်ဘက်ထမင်းစားခန်းထဲသို့ ဝင်သွားသည်။

အယဉ်ပြန်ထွက်လာတော့ သူက အလုပ်ခန်းထဲသို့ အယဉ်နှင့်

အတူဝင်လာရင်း ...

“တာတာ့ အတွက် ဝတ်စုံ အသင့်ဖြစ်ပြီလား အယဉ်”

“အသင့်ပါပဲ မယ်မယ် ...”

“မယ်မယ့်ကို ပြပါဦး မယ်မယ်သေချာ ပြန်စစ်လိုက်ဦးမယ်၊ ကျောက်ထိုးတာတွေ ပြုတ်ပျက် ထွက်တာမျိုး လုံးဝမဖြစ်စေရဘူးနော် အယဉ်၊ အယဉ် သေချာစစ်ထားရဲ့လား”

“စစ်ထားပါတယ် မယ်မယ်ရဲ့”

သူက အယဉ် ထုတ်ယူလာသည့် ထိုင်မသိမ်းကို သေချာဖြန့်ကာ စစ်ဆေးလိုက်သည်။

အယဉ်ကလည်း ကျောက်တွေကို စစ်ဆေးရင်း ...

“ဒီနှစ်အတွက် အလှဆုံး ဒီဇိုင်း၊ အသစ်ဆုံး ဒီဇိုင်းကို မမတာတာ ဝတ်ရမှာ၊ သိပ်ကံကောင်း တာပဲ”

“ဪ ... အယဉ်၊ ဒီဝတ်စုံနဲ့ လိုက်ဖက်မယ့် ပိုးတောင်ရှည် ပန်းရောင်လေးကို သပ်သပ် ဖယ်ထားနော်၊ သူ့သတို့သားလေးအတွက် လိုအပ်ရင် အဆင်သင့်ဖြစ်အောင်”

“ဟုတ်ကဲ့ပါ မယ်မယ်၊ ဒါနဲ့ မယ်မယ် ... ဒီနေ့ ထရိတ်ဒါး ဟိုတယ်မှာ တစ်ပွဲ သွားစရာရှိသေးတယ်နော်”

“ အင်း ... မယ်မယ် မှတ်မိတယ်၊ ဒါလေး သေချာပြန်စစ်ကြည့်ချင်သေးလို့ ဝင်လာတာ၊ တာတာနဲ့က ညနေမှ မဟုတ်လား၊ မယ်မယ် ဟိုကပြီးတာနဲ့ ဒီကို ပြန်လာခဲ့မယ်”

သူက တာတာ့ကို လိမ်းရမည့် မိတ်ကပ်၊ တာတာဝတ်ဖို့ ထိုင်မသိမ်း၊ အပေါ်အင်္ကျီ၊ ပုဝါ၊ အထူးစပါရှယ် အပ်ထားပေးသည့် ကတ္တီပါပုံတော်ဖိနပ်တို့ကို

သေချာစစ်ကာ အဆင်သင့်ပြင် ထားပြီးမှ ထရိတ်ဒါးဟိုတယ် ပွဲသို့ ထွက်လာခဲ့သည်။

ညနေ ၄ နာရီမထိုးခင်မှာပဲ သူရုံးခန်းသို့ ပြန်ရောက်လာခဲ့သည်။ သူရောက်ပြီး ခဏနေ တော့ တာတာက သူ့သူငယ်ချင်း ဖူးပြည့်နှင့်အတူ ရောက်လာပါသည်။

"ဟယ် ... မမတာလာပြီ၊ မယ်မယ်ရေ မမတာ ရောက်လာပြီ"

အယဥ့်အသံကြောင့် သူ ဧည့်ခန်းထဲသို့ ထွက်လာခဲ့တော့ တာတာက သူ့ကိုပြုံးပြကာ ...

"မမယ် ... တာတာ အိမ်က ဘာမှမစားလာဘူးနော်၊ ဗိုက်က ခုကတည်းက ဆာနေပြီ ..."

"အံမယ်လေး ... စားရမှာ၊ စားရမှာ၊ မပူနဲ့ မမတာ၊ မယ်မယ်က အစောကြီးကတည်းက ထမင်းလိပ်တွေ အများကြီးယူလာတာ၊ အယဉ်တို့ကိုတောင် ကျွေးတာမဟုတ်ဘူး၊ မမတာ စားဖို့တဲ့ ..."

"မမယ်က မမေ့ဘူးပဲ၊ တာတာကဖြင့် မမယ် အလုပ်များပြီး မေ့နေမယ်ထင်တာ၊ ကျေးဇူး ကျေးဇူး မမယ်၊ အယဉ်ရေ မြန်မြန်ကျွေးတော့ ..."

"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ၊ ခုပဲ သွားယူခဲ့ပါမယ်"

သတို့သမီးလောင်းလေးကတော့ ရွှင်လန်းတက်ကြွနေပါသည်။ ဒူးအတိ ဂျင်းပဲန်မှိုတက် လေးနဲ့ ရှပ်ပုံစံ ရင်စေ့ အင်္ကျီဖြူဖြူပွပွ ဝတ်ထားကာ မျက်နှာလေး ရှင်းပြောင်နေသော တာတာ့ပုံစံ လေးကို သူက သဘောတကျ တစ်ချက်ကြည့်မိရင်း ...

"ခုတော့လည်း မျက်နှာပေါ်မှာ ဘာဝက်ခြံမှ မရှိတော့ပါလား ..."

"အဲ့ဒါ မမယ်ကျေးဇူးပေါ့၊ တာတာက မမယ်ပြောတဲ့ အတိုင်း Stress မရှိအောင် စိတ်ပေါ့ပေါ့ ပါးပါး နေလိုက်တော့ ဝက်ခြံတွေက

ထွက်မလာတော့ဘူးလေ”

“ဒါနဲ့ … အန်တီရော မပါဘူးလား တာတာ”

“မေမေက ဘွားဘွားကို ဆေးခန်းလိုက်ပို့နေတယ်လေ၊ ပြီးမှ ဒီကိုဝင်လာခဲ့မယ် ပြောတယ်”

“ကဲ … လာ၊ ဒါဆို စ, လိမ်းလိုက်ကြရအောင်”

“ဟင် … နေပါဦး မမယ်ရဲ့၊ တာတာ ထမင်းလိပ် အရင်စားပါရစေဦး၊ အယဥ်ရေ … မြန်မြန်လာပါတော့ …”

တာတာ့ အမူအရာကလေးတွေက ချစ်စဖွယ်မို့ သူက ပြုံးမိသည်။ အယဥ်ထမင်းလိပ်တွေ ထည့်ယူလာတော့ တာတာက တစ်ခုပြီးတစ်ခု လောဘတကြီး စားနေသည်။ ဖူးပြည့်က တာတာ့ ကျောကို ဖိကာ …

“ဟဲ့ … နင်မယ်၊ နင်မယ်၊ ဖြည်းဖြည်းစား၊ တကတည်း ဘယ်တိုင်းပြည်က ငတ်မွတ်ပြီး ပြန်လာမှန်း မသိဘူး”

“စားကောင်းတာကိုးဟ၊ မမယ် လက်ရာက ရှယ်ပဲ၊ လာနင်လည်းစား”

“နင်ပဲ ဝအောင်စားပါ၊ ငါအခုလေးပဲ ကြေးအိုးသောက်လာတာ၊ ဗိုက်အရမ်းပြည့်နေပြီ”

“ဟုတ်လား၊ ကောင်းတယ် ငါပိုစားရတာ ပေါ့ …”

တာတာက ထမင်းလိပ် စားနေရင်းက သူ့ကိုပြုံးပြလိုက်သေးသည်။ မိတ်ကပ်လိမ်းဖို့ အခန်း ထဲကိုလာတော့လည်း လက်က ထမင်းလိပ် ပန်းကန်ကို ကိုင်လာရင်း မိတ်ကပ်လိမ်းပြီးရင် ထပ်စားလို့ ရတာ ပေါ့ဟု ဆိုသေးသည်။

ဒီနေ့က ဖိုင်နယ် အစမ်းလိမ်းရမှာမို့ သူက တကယ့် မင်္ဂလာပွဲနေ့လို သေသေချာချာလေး လိမ်းပေးရင်း သူမမျက်လုံးလေးတွေ ကြည်လင်တောက်ပနေတာကို သတိပြုမိသည်။ နှုတ်ခမ်း ကလေးတွေ

ပြုံးရိပ်သန်းနေတာကိုလည်း အနီးကပ်တွေ့ရသည်။ ဒီမျက်လုံးနဲ့ နှုတ်ခမ်းကလေးတွေ ကို ပြောင်းလဲပစ်တော့မည့် ကံကြမ္မာကို သူလည်း ကြိုမသိခဲ့။ သူမလည်း ကြိုမသိခဲ့။

ခဏခဏ အစမ်းလိမ်းခဲ့ဖူးပြီမို့ မျက်တောင်ခတ်သည့် ကိစ္စလည်း အဆင်ပြေသွားသည်။ မိတ်ကပ်ပြီးတော့ဆံပင် ...။ အားလုံးပြီးတော့ သူမကို ထိုင်မသိမ်းဝတ်ဖို့ ပြောပြီး သူအပြင်သို့ ထွက်လာခဲ့သည်။ အယဉ်ကတော့ လိုအပ်ရင် ကူညီဖို့ အဝတ်လဲခန်းအပြင်မှာ စောင့်ကျန်ခဲ့သည်။

အချိန်အနည်းငယ်အကြာမှာ ...

"မယ်မယ်ရေ ... ကြည့်ပါဦး ... သတို့သမီးလေးက လှလိုက်တာ ..."

မယဉ့်အသံကြောင့် သူနောက်သို့ လှည့်ကြည့်မိသောအခါ အခန်းထဲမှ လှပစွာ လှမ်းထွက် လာသော အလွန်လှပကြော့ရှင်းသည့် သတို့သမီးကလေးကို မြင်ရလေသည်။

ပန်းနုရောင် သတို့သမီးဝတ်စုံကလေးဖြင့် နုနယ်စွာ လှပလွန်းသော ချစ်စဖွယ် သတို့သမီး လေးကို သူငေးကြည့်နေမိသည်။ လှပသည့် သတို့သမီးများစွာကိုမြင်ဖူးခဲ့သော်လည်း ချစ်စရာကောင်းသည့် သတို့သမီးကတော့ သိပ်များများစားစား မတွေ့ခဲ့ဖူးလို့လား ... ဒါမှမဟုတ် တာတာ့ကို ကိုယ့်စိတ်ကပိုပြီး ချစ်ခင်စေတနာထားမိလို့လား ဘာကြောင့်မှန်းမသိဘဲသူ တာတာ့ကို ငေးကြည့်နေမိသည်။

"မမယ် ... တာတာ လှရဲ့လား"

သူပြုံး၍ အသာအယာ ခေါင်းညိတ်ပြမိသည်။

ထိုအခိုက်မှာပင် ဖုန်းမြည်သံကြားရသည်။

"တာတာ နင့်ဖုန်း ..."

ပြည့်ဖူးက တာတာ့ကို ဖုန်းလှမ်းပေးလိုက်သည်။

"မေမေ့ဆီကထင်တယ်"

တာတာ ဖုန်းဖွင့်ကိုင်လိုက်ရင်း ...

"မေမေ့ ... တာတာအရမ်းလှတာပဲ၊ လာကြည့် လာကြည့် ...ဟင် ..."

ရွှင်မြူးစွာ ပြောလိုက်သော အသံကလေးက တိခနဲရပ်ကာ လူက ဖြုန်းခနဲ ငြိမ်ကျသွားသည်။ ဖုန်းကိုနားမှာကပ်ထားရင်းက နှုတ်ခမ်းလေးမသိမသာ ဟလျှက် မျက်လုံးတွေ အရောင်မှိန်ကျသွားသည်။

"တာတာ ... ဘာ ...ဘာဖြစ်လို့လည်း"

ပြည့်ဖူးကမေးတော့ သူမ မျက်ဝန်းလေးတွေက ပြည့်ဖူးဆီ ရွေ့သွားကာ ဖုန်းကို နားမှ ခွာလိုက်ရင်း ...

"မေမေ ပြောတယ်၊ အင်္ဂလန်က ဖုန်းရတယ်တဲ့၊ ဖေဖေ ဆက်တာတဲ့၊ မင်းညိုက ဟိုမှာ လက်ထပ်လိုက်လို့ ဒီကိုမလာတော့ဘူးတဲ့၊ မေမေ ငါ့ဆီ အခုလာနေပြီတဲ့၊ အဲ... အဲ့ဒါ ဘာအဓိပ္ပယ် လည်းဟင် ပြည့်ဖူး ...."

"ဟယ် ... တာတာရယ်"

တာတာ့ကို ကြည့်ရင်း သူရော အယဉ်တို့ အားလုံးပါအံ့အားသင့်နေသည်။

ထိုလျှပ်တပြက် အချိန်လေးမှာပဲ သူမက သူတို့အားလုံးရှေ့မှ လှစ်ခနဲ ပြေးထွက်သွား လေသည်။

*